# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြား

နေပြည်တော် မေ ၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC-2) ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jean Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

## သူရဲကောင်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရသည့် စေတနာ့ဝန်ထမ်းလုပ်ငန်းများ

မီးဘေးကာကွယ်ရေးအတွက် တပ်ဖွဲ့အသွင် ဖွဲ့စည်းဆောင်ရွက်မှုသည် ပုဂံခေတ်အနော်ရထာမင်းလက်ထက်ကပင် ရှိခဲ့သည်ဟုဆိုသည်။ မီးလောင်ကျွမ်းသည့်အခါ နိုင်ငံ၏ အရင်းအမြစ်များ ဆုံးရှုံးရသည့်အပြင် ပြန်လည်ထူထောင်ရေးအတွက် ငွေအား၊ လူအား၊ ပစ္စည်းအားတို့ စိုက်ထုတ်သုံးစွဲရသည့်အတွက် မီးဘေးကာကွယ်ရေးကို ရှေးမြန်မာမင်းအဆက်ဆက်တို့ အလေးအနက်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ဖွယ်ရှိသည်။ ကိုလိုနီနိုင်ငံဘဝသို့ ကျရောက်ခဲ့ရချိန်တွင်မူ မီးဘေးကာကွယ်ရေးကို စီးပွားရေးအချက်အချာ မြို့များမှလွဲလျှင် မြန်မာလူငယ် အပျော်တမ်း မီးသတ်အဖွဲ့အစည်းများက ဒေသအလိုက် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မီးသတ်အစည်းအရုံးများကို စုစည်းရန် ၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံ ကျင်းပခဲ့ရာ ခရိုင်ပေါင်း ၁၉ ခရိုင်မှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်သြဝါဒ မိန့်ကြားခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်ညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ကိုလည်း မီးသတ်တပ်ဖွဲ့နေ့အဖြစ် နှစ်စဉ် ကျင်းပခဲ့သည်။ ယခုနှစ်တွင် မီးသတ်တပ်ဖွဲ့နေ့သည် စိန်ရတုလွန်၍ (၇၆) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

မျက်မှောက်ကာလတွင် မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်၏ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်မှကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်အပါအဝင် အခြားဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန်ဟူသော အဓိကတာဝန်လေးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များကို မီးငြိမ်းသတ်သည့် လုပ်ငန်းများတွင်သာမက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်ပါ တွေ့မြင်ကြရမည်ဖြစ်သည်။ ၁၉၄၇ ခုနှစ်၊ ဇွန်လ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက "မီးသတ်လုပ်ငန်းဟာ မြန်မြန်ထက်ထက်နဲ့ ရဲရဲဝံ့ဝံ့လုပ်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် သူရဲကောင်းများရဲ့ လုပ်ငန်းတစ်ရပ်လို့ ယူဆတယ်။ သူများကောင်းကျိုးအတွက် ကူညီဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေမှာ ဒီလိုသူရဲကောင်းစိတ်တွေမွေးပြီး ကူညီဝိုင်းဝန်းဖို့ လုပ်ဆောင်ရမယ်။ မီးသတ်သမားတွေကို မီးမလောင်ခင်က ကိရိယာတန်ဆာပလာ အပြည့်အစုံရှိဖို့နဲ့ မီးလောင်ရင် အမြန်ဆုံးသွားရောက် ငြိမ်းသတ်နိုင်ဖို့ ပညာတွေ သင်ကြားပေးရမယ်" ဟူ၍ ပြောကြားခဲ့ရာ မီးသတ်နှင့် ရှာဖွေကယ်ဆယ်ရေးဟူသည် သူရဲကောင်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရသည့် စေတနာ့ဝန်ထမ်းလုပ်ငန်းများဟူ၍ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

ယမန်နှစ်က မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မီးလောင်မှု ၂၁၀၇ ကြိမ် ဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးကျပ် ၃၃ ဘီလီယံဖိုး ရှိပြီး လူ ၁၀၅ ဦး သေဆုံးကာ ၁၅၁ ဦး ဒဏ်ရာရခဲ့သည်။ မီးသည် လောင်မှ ငြိမ်းသတ်သည်ထက် မလောင်ခင်ကပင် ကြိုတင်ကာကွယ်တားဆီးနိုင်ရန် အရေးကြီးသည်။ မီးဘေးကာကွယ်ရေးအတွက် မီးမပေါ့ဆရေး၊ မီးဘေးအန္တရာယ် သတိမူရေးတို့တွင် ပြည်သူလူထုက အသိ၊ သတိမြင့်မားစွာဖြင့် ဆောင်ရွက်ကြသည်နှင့်အမျှ မီးလောင်ကျွမ်းမှုတို့ လျော့နည်းကျဆင်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။

## ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မေ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (စတုတ္ထနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့တွင် စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၂၅၁ ပါး အနက် ၉၅၃၅ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၉၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

**သတင်းစဉ်**

## မစ္စတာ အူလာဇမီယာ ဘာရာဗီကူ အား ဘယ်လာရုစ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် မေ ၅**

ဟန္တိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဗလာဒီမာဂိုရှင်း၏ နေရာတွင် မစ္စတာ အူလာဇမီယာ ဘာရာဗီကူ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အူလာဇမီယာ ဘာရာဗီကူ ကို ၁၉၇၅ ခုနှစ် မတ် ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်တွင် ဘယ်လာရုစ်အစိုးရတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသိပ္ပံမှ စီမံခန့်ခွဲမှုနှင့် ဥပဒေဘာသာရပ်ဖြင့် မဟာဘွဲ့ကိုရရှိခဲ့သည်။ ၎င်းသည် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ၂၀၂၂ ခုနှစ် မတ်လအထိ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ပိုလန်နိုင်ငံရှိ ဘယ်လာရုစ်သံရုံးများတွင် သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အင်္ဂလိပ်၊ ပိုလန်နှင့် ပြင်သစ်ဘာသာစကားတို့ကို တတ်ကျွမ်းသည်။ ၎င်းသည် ၂၀၂၂ ခုနှစ်၊ ဧပြီလမှစတင်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦးထွန်းကားသည်။ **သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"** စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားနိုင်

၁။ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များရှိ အထူးပြု ဘာသာရပ်အသီးသီးတွင် ဝင်ခွင့်ရရှိပြီးသူများ၊ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် အချက်အလက်ပြည့်စုံမှု မရှိသဖြင့် ယာယီဆိုင်းငံ့ခြင်းခံထားရသူများ၊ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခဲ့ခြင်းမရှိသေးသူများသည် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားလိုပါက ၂၀၂၂ ခုနှစ်၊ မေလ(၁၆) ရက်နေ့ (နောက်ဆုံးထား၍) ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန (ဥက္ကဋ္ဌ၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့)၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်လွှာကို အောက်ဖော်ပြပါ Link များတွင် Download ရယူ၍လျှောက်ထားနိုင်ပါသည်။

https://drive.google.com/file/d/1AKBbfvqyGqrg7X2aOOmWVFYU5mBjF01y/view?_usp=sharing

သို့မဟုတ်

https://tinyurl.com/y2bnnhs4

**အဆင့်မြင့်ပညာဦးစီးဌာန**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## လက်ပံတန်းမြို့နယ်တွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်

**လက်ပံတန်း မေ ၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲကို မေ ၃ ရက်က ချမ်းသာကုန်းကျေးရွာ စိုက်ပျိုးရေးစခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၃၆ ဦးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် တာဝန်ရှိသူများက မျိုးစေ့ထုပ်များ ပေးအပ်ခဲ့ပြီး လက်ပံတန်းမြို့နယ်၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ဧက ၁၅၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

◆ *ရှေ့ဖုံးမှ*

ရုပ်သံကုမ္ပဏီများနှင့် FM ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

**သီဆိုကပြဖျော်ဖြေ**

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက “MRTV နှင့် ကောင်းသောနေ့” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက MRTV Mobile Application မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

**ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရတာဝန် အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်ကို ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်နေကြောင်း။

**အစွမ်းကုန်ကြိုးစားဆောင်ရွက်နေ**

ထို့အပြင် ယခုနှစ်သည် စိန်ရတုလွတ်လပ်ရေးနေ့၏ အကြိုနှစ်ဖြစ်ခြင်းကြောင့် ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ပြီး (၇၅) နှစ်ကာလ ကြာပြီဖြစ်သည့် လွတ်လပ်ရေး၏ အနှစ်သာရ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေး၏ အနှစ်သာရများ၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု၏ အရသာများကို တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများ အပြည့်အဝမခံစားရသေးခြင်းကြောင့် အပြည့်အဝရရှိခံစားနိုင်စေရန် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေသည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဖော်ဆောင်**

မီဒီယာကဏ္ဍအနေဖြင့်လည်း ပြည်သူများအတွက် ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာ ရပ်တည်နိုင်ရန်၊ ခေတ်ပညာတတ် လူငယ်များဖြစ်စေရေး ပံ့ပိုးပေးရန်၊ စေ့ဆော်တိုက်တွန်းပေးရန် လိုအပ်သလို ကျင့်ဝတ်သိက္ခာ စောင့်ထိန်းပြီး နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ဦးထိပ်ထားကာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV Media Application ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း MRTV App & Web ဆောင်ရွက်မှုအပါအဝင် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးရန် လိုအပ်သည်ကိုလည်း ပြောကြားထားပြီးဖြစ်ကြောင်း။

သတင်းအချက်အလက် နည်းပညာတိုးတက်နေသည့် ယခုလိုအချိန်တွင် သတင်းမီဒီယာများ၏ သက်ရောက်မှုသည် အလွန်ထိရောက်မှုရှိသည့်အတွက် နိုင်ငံကြီးအချို့၏ မဟာဗျူဟာများတွင် နိုင်ငံငယ်များ၏ မီဒီယာများကို နည်းလမ်းမျိုးစုံဖြင့် ချုပ်ကိုင်လွှမ်းမိုးနိုင်မည့် အစီအမံများ ပါဝင်နေသည့်အတွက် မိမိတို့အားလုံး ဉာဏ်အမြော်အမြင်များ၊ အသိတရားများဖြင့် လုပ်ဆောင်ကြရမည့် အချိန်အခါပင် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်တွင်

*စာမျက်နှာ ၄ သို့*

❖ **သတင်းအချက်အလက် နည်းပညာတိုးတက်နေသည့် ယခုလိုအချိန်တွင် သတင်းမီဒီယာများ၏ သက်ရောက်မှုသည် အလွန်ထိရောက်မှုရှိသည့်အတွက် နိုင်ငံကြီးအချို့၏ မဟာဗျူဟာများတွင် နိုင်ငံငယ်များ၏ မီဒီယာများကို နည်းလမ်းမျိုးစုံဖြင့် ချုပ်ကိုင်လွှမ်းမိုးနိုင်မည့် အစီအမံများ ပါဝင်နေသည့်အတွက် မိမိတို့အားလုံး ဉာဏ်အမြော်အမြင်များ၊ အသိတရားများဖြင့် လုပ်ဆောင်ကြရမည့် အချိန်အခါပင်ဖြစ်**

❖ **ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှု၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် မရှိမဖြစ်ရှိနေရမည်၊ ထိုသို့ရှိရန်အတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီး**

*စာမျက်နှာ ၃ မှ*

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှု၊ ကောင်းမွန် သည့် အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် မရှိမဖြစ်ရှိနေရမည် ဖြစ်ပါကြောင်း၊ ထိုသို့ရှိရန် အတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ဟု ယူဆမိပါကြောင်း။

**စွမ်းရည်မြင့်မားအောင်ဆောင်ရွက်**

သို့သော် တစ်ခါတစ်ရံတွင် နိုင်ငံရေး၊ စီးပွားရေး အင်အားကြီးသည့် အုပ်စုများက မီဒီယာများကို လွှမ်းမိုးခြယ်လှယ်ကြသည့်အခါ ပြည်သူလူထု၏ သဘောထား ခံစားချက်များ၊ နစ်နာချက်များသည် ဖော်ထုတ်နိုင်မှု လုံးဝမရှိတော့ဘဲ လျစ်လျူရှုခံရ သည့် အခြေအနေကို ရောက်မှန်းမသိ ရောက်ခဲ့ရပါ ကြောင်း၊ အဆိုးဆုံးမှာ ပဋိပက္ခများ၊ သဘောထား ကွဲပြားမှုများကို ပြေလျော့သွားအောင် လုပ်ရမည့် အစား မီးလောင်ရာ လေပင့်တိုက်သကဲ့သို့ ပိုမို အားကောင်းလာအောင် လုပ်ပေးနေကြပါကြောင်း၊ ထိုသို့ အခြေအနေမျိုးကို ဒီမိုကရေစီအသွင် ကူးပြောင်းစ နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများအပြားတွေ့မြင်နေကြရပါကြောင်း။

ယနေ့ အခြေအနေသည် မိမိတို့၏ လူ့အဖွဲ့အစည်း အားလုံးကို မီဒီယာက နည်းမျိုးစုံဖြင့် လွှမ်းမိုးထားချိန် ဖြစ်သည့်အတွက် မိမိတို့၏ မီဒီယာလုပ်ငန်းအားလုံး ကို စွမ်းအားပြည့်အောင်၊ စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဟု တိုက်တွန်း ပြောကြားလိုပါကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်ခဲ့**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို (Rangoon Radio) အမည်မှ ဗမာအသံ(Burma Broadcasting Service– BBS) အမည်ပြောင်းလဲသတ်မှတ်ခဲ့သည့် “ဗမာအသံနေ့” ကို မူတည်ပြီး မြန်မာ့အသံနှင့်ရုပ်မြင် သံကြား (Myanma Radio and Television–MRTV) အမည်သို့ ပြောင်းလဲလာခဲ့မှုနှင့်အတူ ခေတ်အဆက် ဆက်တွင် သတင်းအချက်အလက် ပြန်ကြားပေးခြင်း၊ အသိပညာမျှဝေပေးခြင်း၊ ဖျော်ဖြေပေးခြင်းဆိုသည့် ရည်မှန်းချက်(၃)ရပ်ချမှတ်ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါ ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web အသုံးပြုမှုကို ကြည့်ရှုစဉ်။

**မီဒီယာဖြင့်အကျိုးပြုနိုင်ရေးအတွက်ကြိုးပမ်း**

ယနေ့အချိန်အခါမှာလည်း ပြောင်းလဲတိုးတက် နေသည့် နည်းပညာ၊ အတတ်ပညာများနှင့်အညီ သတင်းနှင့်အစီအစဉ်များ အရည်အသွေး ပိုမို ကောင်းမွန်စေရန်နှင့် ပြည်သူလူထုကို မီဒီယာဖြင့် အကျိုးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေ သကဲ့သို့ နုပျိုသစ်လွင်ပြီး လန်းဆန်းတက်ကြွသည့် တင်ဆက်မှုပုံစံကိုလည်း ပြောင်းလဲဆောင်ရွက်နေ သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

**လျင်မြန်စွာတိုးတက်ပြောင်းလဲလာ**

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်မှ စတင်ပြီး မိုဘိုင်းဖုန်းများ အသုံးပြုမှု များပြား လာသည်နှင့်အတူ အင်တာနက်အသုံးပြုပြီး သတင်း ရယူမှုပုံစံလည်း လျင်မြန်စွာ တိုးတက်ပြောင်းလဲလာ ခြင်းကြောင့် Social Media Platform များအသုံးပြုပြီး သတင်းမီဒီယာ ဖြန့်ချိခြင်းသည်လည်း လွန်စွာ အရေးပါလာသည်ကို တွေ့မြင်ကြမည်ဖြစ်ပါကြောင်း။

**အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်**

ထို့ကြောင့် MRTV အနေဖြင့် ၂၀၁၃ ခုနှစ်ကစပြီး MRTV Application ကို အသုံးပြုနိုင်ရေး ဆောင်ရွက် ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် Android Application အဖြစ်သာ ယာယီအသုံးပြုနိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းကို ထုတ်လွှင့်နိုင်ခြင်း မရှိခဲ့သည်ကို သိရှိရပါကြောင်း၊ အခုအခါတွင် HD ရုပ်သံလိုင်းများ နည်းတူ ဆက်သွယ်ရေးနည်းပညာများ အသုံးပြုပြီး MRTV Media Application ကို ဆောင်ရွက်ထားခြင်း ဖြစ်သည့်အတွက် Android နှင့် IOS ဖုန်းများပေါ်တွင် ကြည့်ရှုနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် Laptop, Desktop, iPad, Note Pad အားလုံးတွင်လည်း ကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့ Website တွင်လည်း MRTV ၏အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*




မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက “ရှင်သန်နေမည့် MRTV” တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။

**“ယနေ့အချိန်အခါမှာလည်း ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့်အညီ သတင်းနှင့်အစီအစဉ်များ အရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် ပြည်သူလူထုကို မီဒီယာဖြင့် အကျိုးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နုပျိုသစ်လွင်ပြီး လန်းဆန်းတက်ကြွသည့် တင်ဆက်မှုပုံစံကိုလည်း ပြောင်းလဲ ဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်”**

စာမျက်နှာ ၄ မှ

- MRTV App ကို ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင်ရှိသည့် Mobile ဝန်ဆောင်မှုပေးနေသော နိုင်ငံတကာ ဂြိုဟ်တု ( ၄ ) လုံးကို ငှားရမ်းအသုံးပြုပြီး ထုတ်လွှင့်ပေးခြင်းဖြစ်သည့်အတွက် ပြည်ပနိုင်ငံများတွင်ရှိနေသည့် မြန်မာသံရုံး(၄၆)ရုံးက ကြည့်ရှုနိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံပေါင်း (၁၈၁) နိုင်ငံမှ ကြည့်ရှုနိုင်ရန်လည်း စီစဉ်ဆောင်ရွက်နေ
- ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာဘာသာနှင့်သာမကဘဲ အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ ဂျာမနီ စသည့် နိုင်ငံတကာ ဘာသာစကား( ၅ ) မျိုးဖြင့် ထုတ်လွှင့်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို တိုင်းရင်းသားပြည်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာကိုလည်း ပိုမိုကျယ်ပြန့်စွာ ရောက်ရှိပျံ့နှံ့သွားမည်

MRTV App ကို ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင်ရှိသည့် Mobile ဝန်ဆောင်မှုပေးနေသော နိုင်ငံတကာ ဂြိုဟ်တု ( ၄ ) လုံးကို ငှားရမ်းအသုံးပြုပြီး ထုတ်လွှင့်ပေးခြင်းဖြစ်သည့်အတွက် ပြည်ပနိုင်ငံများတွင်ရှိနေသည့် မြန်မာသံရုံး(၄၆)ရုံးက ကြည့်ရှုနိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံပေါင်း(၁၈၁)နိုင်ငံမှ ကြည့်ရှုနိုင်ရန်လည်း စီစဉ်ဆောင်ရွက်နေသည်ဟု သိရပါကြောင်း။

**ပိုမိုကျယ်ပြန့်စွာရောက်ရှိပျံ့နှံ့**

ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာဘာသာနှင့်သာမကဘဲ အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ ဂျာမနီစသည့် နိုင်ငံတကာ ဘာသာစကား( ၅ ) မျိုးဖြင့် ထုတ်လွှင့်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို တိုင်းရင်းသားပြည်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာကိုလည်း ပိုမိုကျယ်ပြန့်စွာ ရောက်ရှိပျံ့နှံ့သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်မှုကြောင့် MRTV အနေဖြင့် ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် ပညာရပ်များနှင့် အညီ ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သောကြောင့် သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဆောင်ရွက်နေချိန်ကာလအတွင်း၌ ထူးခြားတိုးတက်ကောင်းမွန်ပြီး သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

မီဒီယာများအနေဖြင့်လည်း ကျင့်ဝတ်သိက္ခာနှင့် အညီ ပြည်သူလူထုကို သတင်းအချက်အလက်များ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ပေးကြခြင်းဖြင့် ပြည်သူ့အကျိုးပြုမီဒီယာများဖြစ်အောင် ရပ်တည်ဆောင်ရွက်ပေးကြရန် အသိပေးတိုက်တွန်းလိုပါကြောင်း၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးအနေဖြင့်လည်း မြန်မာနှစ်ဆန်းအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အကျိုးကို လက်တွဲဆောင်ရွက်ခြင်းဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာပါစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV App & Web ဆောင်ရွက်မှုအပါအဝင် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ MRTV Media Application ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက “ရှင်သန်နေမည် MRTV” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web အသုံးပြုမှုကို ကြည့်ရှုကြသည်။

MRTV Media Application မှတစ်ဆင့် Breaking News၊ BusinessNews၊ Community News၊ Daily News စသည့် သတင်းကဏ္ဍများအပြင် Documentary၊ Education ၊ Entertainment၊ Farming ၊ Myanmar Culture၊ Sports စသည့် ရုပ်သံမှတ်တမ်းနှင့် ဖျော်ဖြေရေးအစီအစဉ်များပါဝင်သည့် Sector (၁၁) ခုဖြင့် ဖွဲ့စည်းထားသည့်အပြင် MRTV HD Channel ကိုလည်း Live Stream ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ MRTV App ကို လက်ကိုင်ဖုန်းများအပြင် Laptop ၊ Desktop ၊ ipad ၊ Note Pad များတွင် ကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့ www.mrtvmedia.com တွင်လည်း MRTV ၏ အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ဖြင့် မွေးစမှတစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေး

**ဘားအံ မေ ၄**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များသည် မေ ၄ ရက်နံနက်က သာမည ကျေးလက်ကျန်းမာရေးဌာနတွင် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်ဖြင့် မွေးစအရွယ်မှ တစ်နှစ်ခွဲအရွယ်အထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။ (ယာပုံ)



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာမည ပတ္တမြားကျောင်းဆရာတော်အား သွားရောက် ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာမည မြစောညီနောင်စေတီတော်အား ဖူးမြော်ကြည်ညို၍ သာမညတောင်ပေါ် ဝလုံးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာမည ကျေးလက်ကျန်းမာရေးဌာနတွင် သာမည(၂၄)ရပ်ကွက်၊ သာယာကုန်း၊ ကလားစု၊ ဝင်းစိန်၊ ကျွန်းကြီး ကျေးရွာများမှ မွေးစမှ တစ်နှစ်ခွဲအရွယ်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးထိုးတာဝန် ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့၌ အသက် ၁၇ နှစ်အောက် လူငယ်ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**ဘူးသီးတောင် မေ ၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ မြို့နယ်အား/ကာကော်မတီနှင့် မြို့နယ်ဘောလုံးဝါသနာရှင်( Old Star)အသင်းတို့ ပူးပေါင်းကျင်းပသည့် အသက် ၁၇ နှစ်အောက် လူငယ်ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံး (ဂိုးလတ်)ပြိုင်ပွဲကို ယနေ့ညနေပိုင်းက ဘူးသီးတောင်မြို့ မြို့မအားကစားကွင်း ၌ စတင်ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားဝါသနာရှင်များအား ဘူးသီးတောင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်ဥမ္မာသန်းနှင့် တာဝန်ရှိသူများက အသက် ၁၇ နှစ် ပြည့်၊ မပြည့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အသက် ၁၇ နှစ်အောက် လူငယ်ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံး (ဂိုးလတ်) ပြိုင်ပွဲကို စတင်ကျင်းပခဲ့ကြသည်။

ပြိုင်ပွဲတွင် အသင်း ၁၂ သင်းမှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မေ ၃ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိမည့်အသင်းများအား ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကျင်းပပေးခြင်းဖြင့် မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် လူငယ်များ အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်ဥမ္မာသန်းမှ သိရသည်။

**လှကျော်( ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်း ခုနစ်ခု ဆောင်ရွက်မည်

**ကျောက်ပန်းတောင်း မေ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာကျေးရွာတွင် ကုန်ထုတ်လမ်း၊ ဂျင်းမြေသားခင်းခြင်းနှင့် အုတ်စီမြောင်းကူးတံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် လက်ပံကျင်း(တ)ကျေးရွာတွင် ကုန်ထုတ်လမ်း၊ မြေသားဂျင်းခင်းခြင်းနှင့် အုတ်စီမြောင်းကူးတံတားသုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုမူလငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေနှင့် တိုင်းဒေသကြီး ခွင့်ပြုငွေကျပ် ၁၁၀ ဒသမ ၅၁ သန်းတို့ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယခုအခါ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူခြင်းများ လုပ်ဆောင်လျက်ရှိပြီး အဆိုပါ ကုန်ထုတ်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ယင်းကျေးရွာများရှိ အိမ်ခြေ ၃၃၇ အိမ်မှ လူဦးရေ ၁၇၄၆ ဦးနှင့် စိုက်ပျိုးဧက ၂၉၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

**ကိုပြည့်(ကျေးလက်)**

# မကြာမီ ဒီဂရီကောလိပ်များ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းလုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရေး လုံခြုံရေးအတွက်ကြိုတင်စီမံထားရန်လို






နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ *ကျော်ဖုံးမှ*

ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညား အောင်မိုး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် မွန်ပြည်နယ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်ကြသည်။

### ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဒေသဆိုင်ရာအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုးက ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေး ပြောကြားသည်။

### အခြေပြုစီးပွားရေးကဏ္ဍ တိုးတက်လာရေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သောအခြေအနေများသိရှိလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်နယ်တစ်ခု၏ တိုးတက်မှုကို ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့မှ ရရှိသောတန်ဖိုး၊ တစ်နည်းအားဖြင့် GDP ကိုကြည့်၍ ယေဘုယျသုံးသပ်နိုင်မည် ဖြစ်ကြောင်း၊ မွန်ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်လိုငွေဖြစ်ပေါ်မှုရှိ၍ ပြည်ထောင်စုဖြည့်စွက်ငွေမှ ထောက်ပံ့ဖြည့်ဆည်းပေးခဲ့ပြီး ပြည်နယ်အတွင်း ကဏ္ဍစုံမှ ဝင်ငွေတိုးတက်၍ ပြည်ထောင်စုမှ ထောက်ပံ့မှုကို လျှော့ချနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ပြည်သူလူထု အခြေပြုစီးပွားရေးကဏ္ဍ တိုးတက်လာရေး ပညာပေး စည်းရုံးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

### ဈေးကွက်ရရှိရေး စီမံဆောင်ရွက်

တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ ဌာနဆိုင်ရာ ဝန်ထမ်းအားလုံးနှင့် ပြည်သူလူထုအလွှာပေါင်းစုံမှ ပူးပေါင်းပါဝင်၍ အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း မြေအသုံးချမှုအနေဖြင့် စိုက်ပျိုးမြေ ဧက ၁ ဒသမ ၅ သန်းကျော်တွင် ဧက ၇ သိန်းကျော် စိုက်ပျိုးလျက်ရှိပြီး သီးထပ်စိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးခြင်းအပြင် လစ်လပ်မြေနေရာများတွင်လည်း စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ ပြည်နယ်အတွက် ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်၏ အဓိကထွက်ကုန်မှာ ရော်ဘာဖြစ်ပြီး ကုန်ကြမ်းအဖြစ်ရောင်းချမှုအစား တန်ဖိုးမြှင့်ထုတ်ကုန် (Value added) အဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိနိုင်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဒေသမှထွက်ရှိသော တန်ဖိုးမြင့် ထုတ်ကုန်များအတွက် လုံလောက်သော ဈေးကွက်ရရှိရေး စီမံဆောင်ရွက်ပေးရန်လည်း အရေးကြီးကြောင်း။

### နိုင်ငံခြားငွေယိုပေါက်များကို ထိန်းသိမ်း

မွန်ပြည်နယ်အတွက် အလားအလာရှိသော စီးပွားရေးအဖြစ် ခရီးသွားလုပ်ငန်းသည်လည်း ပါဝင်မည်ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးဘုရား၊ ကျိုက္ခမီ ရေလယ်ဘုရား၊ စက်စဲအပန်းဖြေကမ်းခြေ၊ သံဖြူဇရပ်မှ သေမင်းတမန်မီးရထားလမ်း၊ စစ်သင်္ချိုင်း၊ ရှေးဟောင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအပြင် ရှေးဟောင်းမြို့တော်များ စသည်တို့သည် ပြည်တွင်း ပြည်ပခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုကောင်းသည့် နေရာများဖြစ်ကြောင်း၊ မီးခိုးမထွက်သော စက်ရုံများအဖြစ်တင်စားပြီး ဝင်ငွေကောင်းသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်၍ ယခုကတည်းကပင် အနာဂတ်အတွက် မျှော်မှန်း၍ စနစ်တကျပြင်ဆင် စီမံပေးရန်လိုကြောင်း၊ တစ်ဖက်က ဝင်ငွေရရှိရေး ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း မကုန်သင့်သည်ကို မကုန်ရအောင် စက်သုံးဆီနှင့် စားသုံးဆီတို့ကို ချွေတာစိစစ်သုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေယိုပေါက်များကို ထိန်းသိမ်းကြရမည် ဖြစ်ကြောင်း။

### စားသုံးဆီ တိုးမြှင့်ထုတ်လုပ်နိုင်ရေး

ထို့အပြင် ကမ္ဘာတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် စက်သုံးဆီဈေးကွက် တည်ငြိမ်မှုမရှိဘဲ ရေနံထုတ်လုပ်သည့် နိုင်ငံများ၏ ဈေးကစားနေမှုကြောင့်လည်း စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို နိုင်ငံအားလုံးခံစားနေရကြောင်း၊ အလားတူ စားသုံးဆီ ထုတ်လုပ်ဖြန့်ဖြူးသည့် နိုင်ငံအချို့၏ ဈေးမတည်ငြိမ်မှုကြောင့်လည်း စားသုံးဆီမှာလည်း ဈေးနှုန်းမြင့်တက်လာကြောင်း၊ စက်သုံးဆီမှာ သဘာဝအရဖြစ်တည်သော သယံဇာတ အခွင့်အလမ်းဖြစ်၍ ထုတ်လုပ်မှုမှာ ကန့်သတ်ချက်ရှိသော်လည်း စားသုံးဆီနှင့်ပတ်သက်၍ နိုင်ငံအတွင်း ပြည်နယ်အတွင်း တိုးမြှင့်ထုတ်လုပ်နိုင်သော အခွင့်အလမ်းများ ရှိကြောင်း၊ သို့ဖြစ်၍ စက်သုံးဆီ၊ စားသုံးဆီနှင့် ပတ်သက်၍ ခြိုးခြံသုံးစွဲရန်နှင့် စားသုံးဆီ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်း၊ အထူးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော နေကြာဆီ စိုက်ပျိုးထုတ်လုပ်နိုင်မှုကိုလည်း ဒေသအတွင်း စိုက်ပျိုးထုတ်လုပ်နိုင်သည့် နေရာများ၌ စိုက်ပျိုးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်၊ ကုသပေးမှုလုပ်ငန်းများ ဆောင်ရွက်မှုတွင် မွန်ပြည်နယ်အနေဖြင့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုအနည်းဆုံးဖြင့် တတိယလှိုင်းကို ဖြတ်ကျော်နိုင်ခဲ့သည့် အောင်မြင်သော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းဖြစ်ပါကြောင်း၊ ကောင်းမွန်သော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုကြောင်းမှာကြားသည်။

ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာနှင့်ပတ်သက်ပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအတွက် တိုင်းပြည်ငြိမ်းချမ်းရန်လိုအပ်သဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကာ ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းနေကြောင်း၊ တစ်ဖက်မှလည်း ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မှန်မှန် ကန်ကန် ကျင်းပနိုင်ရေး၊ မဲပေးခွင့်ရှိသူအားလုံး

*စာမျက်နှာ ၇ သို့*

- မွန်ပြည်နယ်အတွင်း မြေအသုံးချမှုအနေဖြင့် စိုက်ပျိုးမြေ ဧက ၁ ဒသမ ၅ သန်းကျော်တွင် ဧက ၇ သိန်းကျော် စိုက်ပျိုးလျက်ရှိပြီး သီးထပ်စိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးခြင်းအပြင် လစ်လပ်မြေနေရာများတွင်လည်း စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ ပြည်နယ်အတွက် ဝင်ငွေတိုးတက်ရရှိလာမည်
- တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှားပါးရေသယံဇာတများ၊ သန္တာကျောက်တန်းနှင့် သဘာဝအလှများစွာရှိကြောင်း၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဝင်ငွေကောင်းသော အလုပ်အကိုင်ဖြင့် ဖွံ့ဖြိုးတိုးတက်သော တိုင်းဒေသကြီးတစ်ခု ဖြစ်လာမည်






နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၆ မှ*

နိုင်ငံသားစိစစ်ရေးကတ်ရရှိ၍ စာရင်းဇယားများ ကိုက်ညီ မှန်ကန်စေရေး ဆောင်ရွက်လျက်ရှိရာ ပူးပေါင်းပါဝင်ရန်လိုကြောင်း။

## ဖြေရှင်းကူညီပေး

မိမိတို့အားလုံးသည် နိုင်ငံ့ဝန်ကို ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသာဖြစ်ကြောင်း၊ ဌာနအလိုက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသာ လုပ်ဆောင်ကြရန်လိုကြောင်း၊ ဝန်ထမ်းအားလုံးသည် ပြည်သူများ၏ ထည့်ဝင်သည့် အခွန်အခများမှ လစာမှစ၍ ခွင့်ပြုထားသည့် အသုံးအဆောင်များအထိ ရယူခံစားနေရသဖြင့် ပြည်သူများသည် ဝန်ထမ်းအားလုံး၏ ထမင်းရှင်များဟုပင် ပြောနိုင်ကြောင်း၊ သို့ဖြစ်၍ အရေးပေါ်ကိစ္စပေါ်ပေါက်၍ ဝန်ကြီးဌာနများသို့ ဆက်သွယ်လာပါက လိုအပ်ချက်များကို အကျိုးမျှော်ကိုးမှုမရှိဘဲ စေတနာ တရားရှေ့ထားကာ ကူညီဖြေရှင်းပေးခြင်း၊ ဖြည့်ဆည်းပေးခြင်းဖြင့် ကျေးဇူးဆပ်ရန်လိုကြောင်း၊ အချိန်တိုအတွင်း အမြန်ဖြေရှင်းကူညီပေးရန်လိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး လိုက်ပါ၍ ထားဝယ်မြို့ရှိအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်ကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဒေသဆိုင်ရာအခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးရည်မှန်းချက်အဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို ချမှတ်ကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့၏ ဦးဆောင်မှုဖြင့် သစ္စာရှိဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် အသိအမှတ်ပြုပါကြောင်း၊ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြံဆဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းမှာကြားသည်။

## ပူးပေါင်းတားဆီး ကာကွယ်သွား

ဆက်လက်ပြီး ပညာရေးနှင့်ပတ်သက်၍ မကြာမီ ဒီဂရီကောလိပ်များ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ဆရာ၊ ဆရာမများအပါအဝင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းလုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရေး လုံခြုံရေးအတွက် ကြိုတင်စီမံထားရန်လိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော စာသင်အရွယ်ကလေးငယ်အားလုံး စာသင်ကြားရန်နှင့် အခြေခံအဖြစ် KG+9 ကို တက်မြောက်ရန် တိုင်းဒေသကြီးအစိုးရက အားပေးကူညီရန်လိုကြောင်း၊ နိုင်ငံတော်၏ HR ဖွံ့ဖြိုးမှု၊ ပညာတတ်မြောက်မှုကို မလိုလားသည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှု မပြုနိုင်ရန်လည်း လုံခြုံရေးအသိဖြင့် ဆရာ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူများအပြင် အစိုးရနှင့် လုံခြုံရေးအဖွဲ့များအားလုံး ပူးပေါင်းတားဆီး ကာကွယ်သွားရန်လိုကြောင်း။

## အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ

တနင်္သာရီတိုင်းဒေသကြီး၏ အဓိကစိုက်ပျိုးရေးသီးနှံမှာ ဆီအုန်းဖြစ်၍ ရရှိသော ဆီကြမ်းကို ဒေသတွင်း၌ပင် ဆီချောအဖြစ် ပြောင်းလဲနိုင်ပါက ဒေသဆီဖူလုံမှုရရှိပြီး ဝင်ငွေလည်း တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆီချောထုတ်လုပ်ရန် လိုအပ်သော အခြေခံအဆောက်အအုံများရရှိနိုင်ရေး အလျင်အမြန်ကြံဆ ဆောင်ရွက်သွားရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် ရသုံးမှန်းခြေငွေစာရင်းတွင် လိုငွေ ဖြစ်ပေါ်မှုရှိ၍ ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေမှ ထောက်ပံ့ဖြည့်ဆည်းပေးနေရသဖြင့် ဒေသတွင်းရှိ အားသာသော အရင်းအမြစ်များကို ထိရောက် အကျိုးရှိစွာ အသုံးချခြင်းဖြင့် တိုင်းဒေသကြီး၏ ဝင်ငွေတိုးမြင့်လာမည်ဖြစ်ကြောင်း၊ ဝင်ငွေတိုးတက်ရရှိခြင်းဖြင့် တိုင်းဒေသကြီးအတွက် တစ်မျိုးသားလုံးကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ ပိုမိုတိုးမြှင့်လာမည်ဖြစ်ကာ တစ်ဦးချင်း ဝင်ငွေတိုးလာရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်၍ ဒေသတွင်းမှ ပြည်သူများ မလိုအပ်ဘဲ နယ်ကျော်လုပ်အားရှာဖွေခြင်းမှလည်း ကင်းဝေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုဖြည့်စွက်ငွေအား အခြားလိုအပ်သော ပြည်နယ်များတွင် ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှားပါးရေသယံဇာတများ၊ သန္တာကျောက်တန်းနှင့် သဘာဝအလှများစွာရှိကြောင်း၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဝင်ငွေကောင်းသော အလုပ်အကိုင်ဖြင့် ဖွံ့ဖြိုးတိုးတက်သော တိုင်းဒေသကြီးတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ဒေသအကျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအကျိုးမှ နိုင်ငံ့အကျိုးအတွက် တိုးတက်ရာ တိုးတက်ကြောင်းကို ရည်မျှော် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် မေ ၄**

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) သည် ယနေ့တွင် ကိုကိုးကျွန်းရှိ ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူ ၃၉၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၇၅ ဦး၊ ခွဲစိတ်ရောဂါ ၃၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၅ ဦး၊ ကလေးရောဂါ ၄၀၊ အရိုးရောဂါ ၆၅ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၂၃ ဦး၊ မျက်စိရောဂါ ၉၀ နှင့် သွားနှင့် ခံတွင်းရောဂါ ၃၅ ဦး စုစုပေါင်း ၃၉၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၅ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၃၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၀ နှင့် တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၀ တို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် ဒေသခံပြည်သူ ခြောက်ဦးကို ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင် ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❍ *ကျောဖုံးမှ*

၄၁ မိနစ်တွင် ဒီယာနှင့် ကိုကွီလင်တို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၂ မိနစ်၊ ၆၇ မိနစ်နှင့် ၇၄ မိနစ်တို့တွင် ဖာဘင်ဟို၊ ဒီယက်ဇ်နှင့် မာနေးတို့က သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် ဥရောပဖလား သို့မဟုတ် ချန်ပီယံလိဂ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ ယခုအကြိမ် တက်လှမ်းနိုင်ခြင်းသည် အသင်းသမိုင်းတစ်လျှောက် (၁၀) ကြိမ်မြောက် တက်လှမ်းနိုင်ခြင်းဖြစ်ပြီး ၁၉၇၇၊ ၁၉၇၈၊ ၁၉၈၁၊ ၁၉၈၄၊ ၂၀၀၅ နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဖလားဆွတ်ခူးထားသည်။ ထို့ပြင် လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီတွင် ဖလားလေးလုံး ဆွတ်ခူးရန် အခွင့်အရေးကောင်းတစ်ခု ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။ လီဗာပူးအသင်းသည် ဖေဖော်ဝါရီလတွင် ကာရာဘောင်ဖလားဗိုလ်လုပွဲ၌ ချယ်ဆီးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ ဖလားဆွတ်ခူးထားပြီးဖြစ်သည်။ လီဗာပူးအသင်းအနေဖြင့် မေ ၁၄ ရက်တွင် ဝင်ဘလေကွင်း၌ ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင်လည်း ချယ်ဆီးအသင်းနှင့်ပင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရီးရဲမက်ဒရစ်နှင့် မန်စီးတီးအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် မေ ၂၈ ရက်တွင် ပြင်သစ်နိုင်ငံ Stade de France ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**အောင်ဇော်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်လမြိုင်တပ်နယ်နှင့် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

# တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်၍ ဘိုးဘေးများ ခေတ်အဆက်ဆက် ထူထောင်ခဲ့သော နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲနေရန် ကာကွယ်စောင့်ရှောက်သွားရမည်

**နေပြည်တော် မေ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့တွင် မော်လမြိုင်တပ်နယ်နှင့် ထားဝယ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ခန်းမ အသီးသီးတွင် သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

**လေ့လာသင်ယူနေရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် အဆင့်အတန်းအားလုံးသည် တည်မြဲအမိန့်အသီးသီးတွင် ကိုယ်စီတာဝန်ဝတ္တရားများ သတ်မှတ်ပေးထားပြီးဖြစ်၍ တစ်ဦးချင်းအလိုက် သိရှိနားလည်ရန်လိုအပ်ကြောင်း၊ အသိမှန်မှသာ အလုပ်မှန်၍ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်ကို သိရှိပါက လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် အသားကျသော လေ့ကျင့်မှု လိုအပ်မည်ဖြစ်ကြောင်း၊ လေ့ကျင့်မှုပြည့်ဝမှသာလျှင် ဖွဲ့စည်းတပ်ဆင်ပေးထားသော ခေတ်မီ စစ်လက်နက်ပစ္စည်းကိရိယာနှင့် ယန္တရားများကို ပိုင်နိုင်စွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းထားသော လက်ရုံးဝန်ထမ်းများအနေဖြင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာဘာသာရပ်များကို ပြောင်းလဲတိုးတက်လာသည့် စစ်မှုသိပ္ပံနည်းပညာများနှင့်အညီ တတ်ကျွမ်းနေရန် မပြတ်လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း။

**အကောင်းဆုံးစီမံအုပ်ချုပ်သွားရန်လို**

လေ့ကျင့်သင်ကြားမှုတိုင်းတွင် သင်ကြားပေးသည့် နည်းပြအရာရှိ၊ စစ်သည်များအနေဖြင့် သင်ယူသူတို့၏ ယုံကြည်ကိုးစားထိုက်သော အရည်အချင်းပြည့်ဝရန်နှင့် လေးစားအားကျလောက်သည့် အပြုအမူ အပြောအဆို ဟန်ပန်အမူအရာမှစ၍ သတိပြုတည်ဆောက်နေရန်လိုကြောင်း၊ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုရနိုင်ရန် အုပ်ချုပ်ရေးကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်၏ အုပ်ချုပ်ရေးကို စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ပင်နယန်ကြီး သုံးရပ်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းတာဝန်အားလုံးအတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်များ၏ စားရေး၊ နေရေး၊ ဝတ်ရေးမှစ၍ ကျန်းမာရေးအထိ ထောက်ပံ့ဖြည့်ဆည်းမှုများအပြင် မိသားစုများ၏ အရေးအရာများကိုလည်း အုပ်ချုပ်ရေးဆိုင်ရာ သတ်မှတ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် တပ်မတော်၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများကို သိရှိပြီး လိုက်နာဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံးစီမံအုပ်ချုပ်သွားရန်လိုကြောင်း၊ ထိုသို့ အုပ်ချုပ်ရာတွင်လည်း တပ်မှူးများအနေဖြင့် မိဘသဖွယ်စိတ်ဓာတ်နှင့် စစ်ခေါင်းဆောင်စိတ်ဓာတ်ကို နေရာမှန်အောင် ဆက်ဆံ၍ ဦးဆောင်သွားရန် လိုကြောင်း။

*စာမျက်နှာ ၉ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ အတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

- ❍ တပ်မတော်သားအချင်းချင်းနှင့် မိသားစုဝင်များ အချင်းချင်းတို့သည် ရေပက်မဝင်သော စည်းလုံးညီညွတ်မှုရှိနေရမည်
- ❍ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်ဆောင်ရွက်နေရသဖြင့် ပေးအပ်လာသော လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေရန်လို

စာမျက်နှာ ၈ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းထမ်းဆောင်နေသည့် ကာလ ၁ နှစ်နှင့် ၃ လအတွင်း ပြည်တွင်း၊ ပြည်ပ သွေးထိုးလှုံ့ဆော်မှုများ၊ အဖျက်အမှောင့်နှင့် အကြမ်းဖက်လုပ်ငန်းများအပြင် ဘာသာ သာသနာကို ဖျက်ဆီးစော်ကားသည်အထိ လုပ်ဆောင်၍ နိုင်ငံကို အလုံးစုံပျက်စီးအောင် ကြိုးပမ်းမှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့် လက်တွဲ၍ ပူးပေါင်းကျော်လွှားနိုင်ခဲ့ကြောင်း၊ အုပ်ချုပ်မှုယန္တရားရပ်တန့်၍ တည်ဆဲအစိုးရ ပြုတ်ကျရန် ကြိုးပမ်းမှု မအောင်မြင်သောအခါ ဖွဲ့စည်းမှု ခိုင်မာသော တပ်မတော်ကို ဖြိုခွဲရန် ကြိုးစားလာသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ကြောင်း၊ ဆက်လက်၍ သွေးခွဲမှုများ လုပ်ဆောင်လာနိုင်ခြင်းကြောင့် သတိရှိရှိဖြင့် သွေးစည်းညီညွတ်နေရန်လိုကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်၍ ဘိုးဘေးများခေတ်အဆက်ဆက် ထူထောင်ခဲ့သော နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲနေရန် ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပြီး ထိုသို့ကာကွယ်နိုင်ရန်လည်း တပ်မတော်သားအချင်းချင်းနှင့် မိသားစုဝင်များ အချင်းချင်းတို့သည် ရေပက်မဝင်သော စည်းလုံးညီညွတ်မှုရှိနေရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်ဆောင်ရွက်နေရသဖြင့် ပေးအပ်လာသော လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ သို့ဖြစ်၍ တစ်ဦးချင်းအနေဖြင့် ကျန်းမာရေးအသိဖြင့် နေထိုင်စားသောက်လုပ်ကိုင်ရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် စစ်သည်တစ်ဦးအား အားပေးစကားပြောကြားစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များအား ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း Japan Myanmar Association ၏ Chairman, Mr. Watanabe Hideo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းသည် Japan Myanmar Association ၏ Chairman, Mr. Watanabe Hideo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာနိုင်ငံမှ ငှက်ပျောသီးများ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် မေ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၂ ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် စမ်းခါးကျေးရွာရှိ လုံယောင်း ကုမ္ပဏီက စိုက်ပျိုးထားရှိသည့် တစ်သျှူးငှက်ပျောစိုက်ခင်းများနှင့် ငှက်ပျောခိုင်များ ခုတ်သိမ်းထုပ်ပိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရာတွင် သက်ဆိုင်ရာနိုင်ငံ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်စေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ တရုတ်နိုင်ငံသို့ ငှက်ပျောတင်ပို့ရာတွင် သီးနှံအရည်အသွေးကောင်းမွန်မှုတစ်ခုတည်းဖြင့် ဈေးကွက်သို့ ဝင်ရောက်၍မရနိုင်ဘဲ ဓာတ်ကြွင်းပါဝင်မှုကန့်သတ်ချက်နှင့် အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များကို တိကျပြည့်စုံစွာ လိုက်နာဆောင်ရွက်ကြမှသာ ငှက်ပျောတင်ပို့ ခွင့်နှင့် ပတ်သက်သည့် နှစ်နိုင်ငံသဘောတူစာချုပ်၏ အကျိုးကျေးဇူးကို ခံစားနိုင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။



မြန်မာနိုင်ငံမှ ငှက်ပျောသီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရေး သဘောတူညီချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တို့အကြား အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ရာ ပြည်တွင်းမှ တစ်သျှူးငှက်ပျောလုပ်ငန်းရှင်များ အနေဖြင့် တရားဝင် တင်ပို့ရောင်းချနိုင်လျက်ရှိကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ငှက်ပျော တန်ချိန် ရှစ်သိန်းခန့် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၂၈ သန်းခန့် နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း၊ ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းကို ဖွဲ့စည်းထားရှိပြီး ငှက်ပျော၊ ပြောင်းဖူး၊ ရော်ဘာ၊ ငရုတ်နှင့် သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ တရုတ်ကုန်သွယ်လမ်းအနီးတွင်ရှိသည့် ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောကို အဓိကထား စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ငှက်ပျောစိုက်ပျိုးသူများ လိုက်နာဆောင်ရွက်ရမည့် အချက်များတွင် စိုက်ပျိုးထုတ်လုပ်မည့် ဒေသနှင့် ခူးဆွတ်ရမည့်ကာလ အပါအဝင် ရိတ်သိမ်းချိန်လွန် ဆေးစီရင်ခြင်းနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းအတွက် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ စနစ်တကျသုံးစွဲခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) စံချိန်စံနှုန်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ တင်ပို့သူများနှင့် စစ်ဆေးသူတို့ လိုက်နာဆောင်ရွက်ရမည့် အချက်များပါဝင်ကြောင်း၊ ဝန်ကြီးဌာနက ငှက်ပျောတင်ပို့မည့် ရာသီမတိုင်မီ GACC သို့ပေးပို့နိုင်ရန်အတွက် ငှက်ပျောစိုက်ခင်းများနှင့် ထုပ်ပိုးရုံများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် မှတ်ပုံတင်ရန် လိုအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုစီးပွားဘဝ သာယာဝပြောရေးအတွက် မြန်မာ့တက္ကသိုလ်များ

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

- ❖ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ကုန်ထုတ်လုပ်မှု၊ မြေပေါ်မြေအောက် သယံဇာတထုတ်လုပ်မှု၊ သယံဇာတမျိုးစုံကို တန်ဖိုးမြှင့် မလုပ်နိုင်သေးဘဲ ထုခွဲရောင်းချရတဲ့အပေါ် ယနေ့အထိ မူတည်နေဆဲ ဖြစ်ပါတယ်။
- ❖ ပညာစီးပွားခေတ်မှာ နိုင်ငံတွင်း၊ ဒေသတွင်းနဲ့ ကမ္ဘာ့ဒေသ အသီးသီးဟာ စိန်ခေါ်မှု အပေါင်းကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ လူတန်းစား အလွှာအသီးသီးထဲက တစ်ဦးချင်း တစ်ယောက်ချင်း စီပင် အားထုတ်နေကြရလိမ့်မယ်။

အကြောင်းရင်းတွေကတော့–

- ကျွမ်းကျင်လူစွမ်းအားအရင်းအမြစ် ရှားပါးခြင်း၊
- စီမံခန့်ခွဲကြီးကြပ်မှုစွမ်းရည်မှာလည်း အကန့်အသတ်ရှိနေခြင်း၊ အစိုးရရုံးအဖွဲ့အစည်းများမှာပင် စီမံခန့်ခွဲနိုင်စွမ်းအား နည်းနေခြင်းတို့ဟာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့မပေးနိုင်ခြင်း၊
- စိုက်ပျိုးရေးမှာပင် နည်းပညာမြင့် ကျွမ်းကျင်လုပ်သား ရှားပါးနေခြင်းကြောင့် အရည်အသွေးမီသီးနှံထွက်မှုမှာ နိမ့်ကျလျက်ရှိနေသေးခြင်း။

**မြန်မာ့ပညာရေး မျှော်မှန်းချက်**

မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၅၂ သန်း၊ ၀ ဒသမ ၈၉ ရာခိုင်နှုန်းနဲ့ နှစ်စဉ်တိုးတက်နေပါတယ်။ ၅၂ ရာခိုင်နှုန်းသော လယ်ယာလုပ်သားက တိုင်းပြည်ရဲ့ ဂျီဒီပီ ၃၆ ရာခိုင်နှုန်းကို ထုတ်ပေးနေပါတယ်။ မြန်မာ့စီးပွားရေးဟာ စိုက်ပျိုးရေးအပေါ်မှာ အကြီးအကျယ် အမှီပြုနေရဆဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပန်းတိုင်ကတော့ ၂၀၃၀ ပြည့်နှစ်မှာ ဝင်ငွေ အလယ်အလတ်မြင့်တဲ့နိုင်ငံဖြစ်ဖို့ တစ်နိုင်ငံလုံးက ဆောင်ရွက်ကြရပါမယ်။ ၂၁ ရာစုနှစ်ထဲကို ချင်းနင်းဝင်ရောက်လာတဲ့အခါ မြန်မာ့ပညာရေး နှစ် ၃၀ မျှော်မှန်းချက် စီမံကိန်းကြီးကို ရေးဆွဲခဲ့ရာမှာ အလွန်တရာကြီးမားတဲ့ ပန်းချီကားချပ်ကြီးတစ်ချပ်သဖွယ် ဖြစ်ခဲ့ပါတယ်။ ပညာရေးနဲ့လူ့အဖွဲ့အစည်း၊ အပြန်အလှန်အကျိုးပြု၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဖြစ်ရေး အားထုတ်ခဲ့ကြပါတယ်။

“ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့” ဆိုတာ ပညာရေးရဲ့ပန်းတိုင်၊ မြန်မာ့ပညာရေး မျှော်မှန်းချက်က **“မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းစေရန်”** ဖြစ်ပါတယ်။ အသိပညာ၊ အတတ်ပညာ ပိုင်ဆိုင်မှု ၂၁ ရာစုမှာ ဝင်ဆံ့နိုင်မယ်။ ရပ်တည်နိုင်မယ်၊ ရှင်သန်ကြီးထွားနိုင်မယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒီအတွက် ကျောင်းတွေ၊ တက္ကသိုလ်တွေဟာ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ၂၁ ရာစုနှစ်မှာ မြန်မာ့တက္ကသိုလ်တွေဟာ ကြီးမားတဲ့တာဝန်တွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။



မြစ်ကြီးနားတက္ကသိုလ်။

ရှေးယခင်ကဆိုရင် မြေယာပိုင်ဆိုင်မှု၊ ငွေကြေးပိုင်ဆိုင်မှုတွေဟာ ခနဉ္စစ္စာတွေဖြစ်ခဲ့ပါတယ်။ ၂၁ ရာစုမှာ ဒီမျှပိုင်ဆိုင်ရုံနဲ့ မလုံလောက်တော့ဘဲ ပညာပိုင်ဆိုင်မှုကို လှည့်ခဲ့ပါတယ်။ ယနေ့ လူ့အဖွဲ့အစည်းဟာ ပညာကိုဗဟိုပြုပါတယ်။ ကျောင်းနဲ့ ကျောင်းသားကို ဗဟိုပြုပါတယ်။ အဓိပ္ပာယ်က ပြည်သူတစ်ရပ်လုံးဟာ ကျောင်းကို၊ တက္ကသိုလ်တွေကို အားထားပါတယ်။ မြန်မာနိုင်ငံအတွက်ကတော့ အမြဲတမ်း သင်ယူနေတဲ့ လူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် ပညာရေးစနစ်မှာ တည်ဆောက်ရမယ်လို့ “မြန်မာ့ပညာရေး မျှော်မှန်းချက်” ကျောက်တိုင်ကို အခြေခံကျောင်းတွေနဲ့ တက္ကသိုလ်တွေမှာ ကျောက်တိုင်စိုက်ပြီး ပညာရေးယန္တရားကို မောင်းနှင်နေပါတယ်။

ပညာရေးဟာ အခြေခံပဲဖြစ်ဖြစ်၊ အဆင့်မြင့်ကဏ္ဍမှာပဲဖြစ်ဖြစ် တစ်မျိုးသားလုံးအတွက် ရည်မှန်းတာ ဖြစ်ပါတယ်။ မျိုးဆက်သစ် ကျောင်းသူကျောင်းသားနဲ့ အစဉ်လေ့လာသင်ယူနေတဲ့ မြန်မာ့လူ့ဘောင် (Life Long Learning Society) မှာ ပါဝင်သူမှန်သမျှဟာ ပညာရေးရဲ့ဗဟိုချက်မပါပဲ။

ပြည်သူတွေကလည်း မျှော်လင့်ချက်ကြီးမားစွာနဲ့ ကျောင်းကိုပို့၊ တက္ကသိုလ်ကို ပို့ကြတာဖြစ်ပါတယ်။ တက္ကသိုလ်၊ ကောလိပ်တွေက မျိုးဆက်သစ် လူငယ်ထုရဲ့ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးမှု၊ ကျွမ်းကျင်မှုနဲ့ သူတို့ရဲ့ အနာဂတ် မျှော်မှန်းချက်တွေ၊ နိုင်ငံရဲ့ မျှော်မှန်းချက်တွေကို ပြည့်မီအောင် အဓိကအခန်းကဏ္ဍက တာဝန်ယူနေသူဟာ ဆရာများ၊ ကထိကနဲ့ ပါမောက္ခများပဲ။ ပြောင်းလဲလာတဲ့ တောင်းဆိုမှုတွေအရ တက္ကသိုလ်တွေက ပါမောက္ခ၊ မဟာဌာနမှူးများရဲ့ တာဝန်တွေဟာ ပို၍ကြီးမားလာပါတယ်။

သင်ကြားရေး သုတေသနနဲ့ ထပ်ဆင့်တီထွင်မှု (Innovation) တွေကို ပိုပြီးဦးစားပေး လုပ်လာကြရပါတယ်။ ယနေ့အချိန်အခါမှာဆိုရင် ပညာရေးဝန်ကြီးဌာနအောက်မှာပဲ တက္ကသိုလ်၊ ကောလိပ်ပေါင်းဟာ ၈၄ ခုအထိ ကြီးထွားလာတော့ အဆင့်မြင့်ပညာအနေနဲ့ ပညာရေးလွှမ်းခြုံမှုဟာ အားရစရာကောင်းတယ်လို့ ပြောနိုင်ပါတယ်။ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်။ တက္ကသိုလ်များဟာ ခနဉ္စစ္စာရအောင် ရှာဖွေနိုင်တဲ့ ဗိမာန်တွေဖြစ်နေပါပြီ။ ပြည်သူလူထု၊ မိဘနဲ့ဆရာ၊ ကျောင်းသားအပေါင်းက ဒီပညာရေးယန္တရားကြီး လည်ပတ်နေအောင် မောင်းနှင်ဖို့လိုပါတယ်။ ခါးဟာ သွေးနေမှ ထက်ပါတယ်။ မဟုတ်ရင် သံချေးတက်၊ သုံးမရဖြစ်ပါတယ်။ ရိုးရိုးလေးပဲစဉ်းစား၊ ဂဏန်းမသင် လာဘ်မမြင်၊ ပညာရှေ့အိုးလူမခိုး၊ ပညာရဲ့ရင့် ပွဲလယ်တင့်ပါတယ်။ ဘွဲ့တစ်ခုရထားပြီဆိုရင်ပဲ မိသားစုတစ်ခုဟာ ဂုဏ်ရှိပါတယ်။

ဥရောပ၊ အမေရိကန်၊ ဂျပန်လူမျိုးတို့ဟာ ကျောင်းတက်တာ၊ တက္ကသိုလ်ပညာသင်တာ စဉ်းစားဆင်ခြင်နိုင်ဖို့၊ အမြော်အမြင်ရှိဖို့၊ ကျွမ်းကျင်မှုအဖုံဖုံရှိဖို့ဖြစ်ပါတယ်။ အစိုးရဝန်ထမ်းဖြစ်ဖို့၊ အစိုးရအလုပ်လုပ်ဖို့ တစ်မျိုးတည်း စဉ်းစားတာမဟုတ်။ ပုဂ္ဂလိက လုပ်ငန်းတွေထူထောင်နိုင်ဖို့ အထူးသဖြင့် တက္ကသိုလ်တွေက ပညာသင်ပေးတာ ဖြစ်ပါတယ်။ တက္ကသိုလ်က ပညာသင်ပေးတာတွေဟာလည်း ပြည့်စုံမှု မရှိဘူးလို့ ယူဆတဲ့ လူငယ်တွေဟာလည်း ကိုယ်တိုင်သင်ယူ (Self-study) လုပ်ရင်း မိမိတို့ရဲ့ ကုမ္ပဏီတွေ၊ ဥပဒေနဲ့အညီ တည်ထောင်သွားကြတာဖြစ်ပါတယ်။

မြန်မာ့တက္ကသိုလ်တွေဟာ ပြည်သူရဲ့ ဘဏ္ဍာနဲ့ ရပ်တည်လျက်ရှိတဲ့ အစိုးရတက္ကသိုလ်များ ဖြစ်ပါတယ်။ အစိုးရထောက်ပံ့မှုဆိုတာ ပြည်သူရဲ့ဘဏ္ဍာပဲဖြစ်ပါတယ်။ တကယ်ပဲ တက္ကသိုလ်တွေမှာ စာအုပ်စာတမ်း၊ ပစ္စည်းကိရိယာတွေဟာ နိုင်ငံတော်နဲ့ မိဘပြည်သူတွေရဲ့ ထောက်ပံ့မှုတွေနဲ့ ဖြည့်ဆည်းခဲ့တာဟာ မြန်မာတက္ကသိုလ်များအတွက် ရာခိုင်နှုန်းပြည့်ဖြစ်ချင်မှဖြစ်ဦးမယ်။ သို့သော် ၂၀ ရာစု နှစ်စလောက်နဲ့ နှိုင်းကြည့်ရင် ယနေ့အချိန်အခါဟာ များစွာတောင့်တင်းပြီလို့ ပြောနိုင်ပါတယ်။ ပညာသင်ယူလို စိတ်၊ ပညာတတ်လိုစိတ် ရှိဖို့ပါပဲ။ တက္ကသိုလ်မှာပေးသွင်းရတဲ့ကျောင်းလခဟာလည်း ကမ္ဘာမှာတော့အနည်းဆုံးလောက်ဖြစ်ပါတယ်။ ယခုအချိန်ထိ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကတက္ကသိုလ်ဆိုတာ မပေါ်ပေါက်သေးပါဘူး။ တက္ကသိုလ်အဆင့် သတ်မှတ်ချက်တွေအရ မြန်မာ့တက္ကသိုလ်များဟာ အဆင့် (Ranking) ၈၀၀၀ နီးပါးမှာရှိပါတယ်။ အဆင့် ၁၀၀ အတွင်း ရှိတဲ့ တက္ကသိုလ်တွေ အိမ်နီးချင်းနိုင်ငံတွေမှာ ရှိပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း သူ့ရဲ့ တက္ကသိုလ် ၁၀၀ ကို ကမ္ဘာ့အဆင့်မီအောင် ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ၂၀ ရာစုနှောင်းပိုင်းလောက်မှာ တရုတ်သိပ္ပံနဲ့ နည်းပညာရှင်ပေါင်းဟာ သန်းနှစ်ဆယ်ကျော်ထိ ရှိလာတော့ အရှေ့တောင်အာရှကို လွှမ်းလာတာတွေ့ရပါတယ်။ စင်ကာပူအမျိုးသားတက္ကသိုလ်ဟာ အာရှမှာ အဆင့်မြင့်တဲ့ တက္ကသိုလ်အဖြစ်ရပ်တည်တာ တွေ့ရပါတယ်။ ကျောင်းလခစရိတ်ဟာ သိန်းရာကျော်၊ ထောင်နီးပါးရှိပါတယ်။ မိမိသားသမီးကျောင်းပို့ဖို့ မိဘတွေဟာ အလုပ်တအား လုပ်ကြပါတယ်။ နိုင်ငံတကာမှာ အဆင့်မြင့်မားရေးဟာ တစ်ပိုင်း၊ မိမိနိုင်ငံမှာ ဒေသအလိုက်တည်ရှိနေတဲ့ တက္ကသိုလ်တွေဟာ ဒေသရဲ့လိုအပ်ချက်ကို အမြင့်ဆုံးထင်ဟပ်စေဖို့ကိစ္စဟာ အဓိကဖြစ်ပါတယ်။ တက္ကသိုလ်တွေက ကိုယ့်ဒေသပတ်ဝန်းကျင်ရဲ့ ကြွယ်ဝမှုတွေကို လေ့လာဖော်ထုတ်ပြီး ကိုယ့်ဒေသကို ချစ်မြတ်နိုးတဲ့၊ ဒေသ လိုအင်တွေကို အလျင်အမြန်ဖြည့်ဆည်းမယ့် ဘွဲ့ရတွေကို မွေးထုတ်ရမှာ ဖြစ်ပါတယ်။ ထူးချွန်ထက်မြက်သူ လူငယ်များကို ဘွဲ့လွန်တန်းတွေကို တက်ဖို့ အားပေးရမှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုကို ရရှိမယ့် သင်ယူမှုကို တိုးမြှင့်ရပါလိမ့်မယ်။ ဒီနေ့ထိ မြန်မာ့မြေပေါ်မှာ ကြွယ်ဝမှုမျိုးစုံဟာ တစ်ပုံတစ်ခေါင်းကြီးရှိနေပါတယ်။ တက္ကသိုလ်တွေက ဒေသအသီးသီးမှာ ရှိနေတော့ လက်တကမ်းမှာရှိတဲ့ တောထဲတောင်ထဲမှာရှိတဲ့ ကြွယ်ဝမှုကို အလျင်အမြန် ဖော်ထုတ်ကြပြီး တိုင်းပြည်ရဲ့ချမ်းသာကြွယ်ဝမှုကို ကျားကုတ်ကျားခဲ ထူထောင်ကြရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

**❖ ယနေ့အချိန်အခါမှာဆိုရင် ပညာရေးဝန်ကြီးဌာနအောက်မှာပဲ တက္ကသိုလ်၊ ကောလိပ်ပေါင်းဟာ ၈၄ ခုအထိ ကြီးထွားလာတော့ အဆင့်မြင့်ပညာအနေနဲ့ ပညာရေးလွှမ်းခြုံမှုဟာ အားရစရာကောင်းတယ်လို့ ပြောနိုင်**

**❖ တက္ကသိုလ်များတည်ရှိရာဒေသ နိုင်ငံရဲ့ အနောက်ဘက်ပိုင်း၊ တောင်ဘက်ပိုင်းမှာရှိတဲ့ တက္ကသိုလ်တွေဟာ ပင်လယ်ကမ်းရိုးတန်းနဲ့ ရေ၊ မြေ၊ သား၊ ငါး ပေါကြွယ်ဝတဲ့၊ မိုးများတဲ့ ဒေသတွေမှာ ရှိကြပါတယ်။ ဒီတက္ကသိုလ်တွေက ပင်လယ်ကမ်းရိုးတန်းရဲ့ကြွယ်ဝမှု၊ တချို့ဒေသတွေမှာဆိုရင် ကမ်းလွန်ဒေသ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေကို နားလည်အောင် သုတေသနပြုကြရမယ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်အသုံးပြုထိုးနှံနေမှုများ ကြည့်ရှုအားပေး





နေပြည်တော် မေ ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ခုတင် (၅၀)ဆံ့ ဇမ္ဗူသီရိဆေးရုံ၌ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများကို ကြည့်ရှုအားပေးပြီး လာရောက်ထိုးနှံနေသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးစက်ရုံတွင် Ready to fill (RTF) စနစ်ဖြင့် ထုတ်လုပ်သည့် Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဧပြီ ၂၉ ရက်တွင် ခြောက်သိန်း doses နှင့် ၃၀ ရက်တွင် လေးသိန်း doses စုစုပေါင်း တစ်သန်း doses ကို လွှဲပြောင်းလက်ခံရရှိခဲ့ပြီးဖြစ်၍ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်ဦးတည်အုပ်စုများအတွင်း စတင်အသုံးပြုထိုးနှံလျက်ရှိသည်။ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် စက်မှုဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm China National Biotec Group (Sinopharm CNBG) နှင့် ပူးပေါင်း၍ ထုပ်ပိုးထုတ်လုပ်ထားခြင်းဖြစ်ပြီး အသက် ၅ နှစ်အရွယ်မှ စတင်ထိုးနှံနိုင်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကိုပါ ဘေးကင်းစိတ်ချစွာ ထိုးနှံနိုင်သည့် ကာကွယ်ဆေးဖြစ်သည်။ ထို့အပြင် အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများကို ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) အဖြစ်လည်း ဘေးကင်းစိတ်ချစွာ အသုံးပြုထိုးနှံနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခုတင် (၅၀) ဆံ့ ဇမ္ဗူသီရိမြို့နယ် ဆေးရုံဝင်းအတွင်းရှိ အရေးပေါ်အသက်ကယ်သင်တန်းကျောင်း (Emergency Medical Services Training Centre) သို့ သွားရောက်၍သင်တန်းခန်းမများနှင့် သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ထားသည့်အခြေအနေ၊ အရေးပေါ်အသက်ကယ်သင်တန်းများအပြင် အခြားပြည်သူ့ကျန်းမာရေး၊ ကုသရေးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရရှိစေရေးအတွက် သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်မည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ သွားရောက်၍ အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခများ၊ တာဝန်ခံ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဆေးရုံများသည် ပြည်သူများ အဓိက မှီခိုအားထားနေရသည့် ဆေးရုံများဖြစ်ပါ၍ အရေးပေါ်နှင့် ပုံမှန်ဆေးကုသရေးလုပ်ငန်းများကို အဆင့်မြှင့်တင်၍ ထိရောက်စွာကုသပေးနိုင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် အရေးပေါ်ကျန်းမာရေးအခြေအနေများဖြစ်သည့် အစာအိမ်သွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း စသည်တို့မှာ အချိန်မီ အရေးပေါ်ကုသစောင့်ရှောက်မှုများ ရရှိပါက လူနာများ၏အသက်ကို ကောင်းမွန်စွာ ကယ်တင်ကုသပေးနိုင်မည်ဖြစ်ပါကြောင်း၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သည် မကွေးဆေးတက္ကသိုလ်၏ တွဲဖက်သင်ကြားရေးဆေးရုံကြီးဖြစ်သော်လည်း မကြာမီ အဓိက သင်ကြားရေး ဆေးရုံကြီးအဖြစ် တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပါ၍ တာဝန်ခံပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ အနေဖြင့် သင်ကြားရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်၍ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ရာတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ထွန်းက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အား အဓိကသင်ကြားရေး ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည့်အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆီးချိုနှင့် နောက်ဆက်တွဲပြဿနာများကို တစ်နေရာတည်းတွင် ကြည့်ရှုစစ်ဆေး၍ကုသမှုပေးနိုင်သောဌာန (One Stop Diabetes Center) အတွင်းရှိ ဆီးချိုရောဂါနှင့်ဆက်စပ်၍ ဖြစ်ပွားသည့် မျက်စိရောဂါ၊ ခြေထောက်သွေးကြောနှင့် အာရုံကြောဆိုင်ရာရောဂါ၊ နှလုံးရောဂါစသည်တို့ကို စစ်ဆေးကုသပေးနိုင်သည့်အခြေအနေနှင့် လူနာများအနေဖြင့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသရာတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းမရှိဘဲ ကုသနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နှလုံးသွေးကြောရောဂါကုသမှုဌာန (Cardiac Catheterization Lab) တွင် နှလုံးသွေးကြောချဲ့ကုသမှု ဆောင်ရွက်နေခြင်းကို အားပေးကြည့်ရှု၍ နှလုံးရောဂါဆိုင်ရာကုသမှုများကို ယခုထက် ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကာ ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများကို ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## (၇၆)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ပဲခူးမြို့တွင် စုပေါင်းသွေးလှူ

ပဲခူး မေ ၄

၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ရောက်ရှိမည့် (၇၆)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ဦးဆောင်၍ တိုင်း/ခရိုင်/မြို့နယ် သန္နေ/အရန် တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၇၅ ဦးတို့သည် ယမန်နေ့ နံနက် ၈ နာရီတွင် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ၊ ပဲခူးတပ်နယ်မှူး ဗိုလ်မှူးကြီး ဆန်းညွှန့်လှိုင်၊ ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်လွင်တို့ တက်ရောက်ပြီး သွေးလှူရှင်များအား သွေးအားပြည့် အချိုရည်နှင့် ကြက်ဥများ၊ ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

နိုင်ငံတော်ရဲ့ဘဏ္ဍာ၊ ပြည်သူရဲ့ ဘဏ္ဍာကို အားထားပြီး အဆင့်မြင့်ပညာရပ်တွေကို မြန်မာ့တက္ကသိုလ်များက ပို့ချကြပါတယ်။ ဆရာ ဆရာမတွေရဲ့သင်ပုံ၊ သုတေသနပြုပုံတွေဟာ နိုင်ငံတကာနဲ့ နှိုင်းစာရင် အလွန်မမြင့်ဘူးလို့လည်း ပြောကြပါတယ်။ အရည်အသွေး ရာနှုန်းပြည့်ရှိချင်မှ ရှိမယ်။ ဆရာများ ထံမှ သင်ယူစရာတွေဟာ မကုန်မခန်းနိုင်စရာတွေ ရှိပါတယ်။ ဒါကြောင့် မြင့်မားတဲ့အသိပညာ၊ အတတ်ပညာ လိုချင်ရင် အစိုးရတက္ကသိုလ်များမှာပဲ ရှိတယ်လို့ ပြောတာဖြစ်ပါတယ်။

**တက္ကသိုလ်ဟာ တည်ရှိရာ ဒေသရဲ့ အရင်းအနှီး**

တက္ကသိုလ်များ တည်ရှိရာဒေသ နိုင်ငံရဲ့ အနောက်ဘက်ပိုင်း၊ တောင်ဘက်ပိုင်းမှာရှိတဲ့ တက္ကသိုလ်တွေဟာ ပင်လယ်ကမ်းရိုးတန်းနဲ့ ရေ၊ မြေ၊ သား၊ ငါး ပေါကြွယ်ဝတဲ့၊ မိုးများတဲ့ ဒေသတွေမှာ ရှိကြပါတယ်။ ဒီတက္ကသိုလ်တွေက ပင်လယ်ကမ်းရိုးတန်းရဲ့ကြွယ်ဝမှု၊ တချို့ဒေသတွေမှာဆိုရင် ကမ်းလွန်ဒေသ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေကို နားလည်အောင် သုတေသနပြုကြရမယ်။ တီထွင်ဆန်းသစ်မှု၊ ထပ်ဆင့်တန်ဖိုးမြင့် သုတေသနတွေကို လုပ်ကြရင်း အဲဒီဒေသမှာပဲ အလုပ်လုပ်မယ့် ဘွဲ့ရတွေ ပြောင်မြောက်တဲ့ သုတေသီတွေ မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။

မြစ်ကြီးနားတက္ကသိုလ်ဟာ ကချင်ပြည်နယ်ရဲ့ ကြွယ်ဝမှုကို နက်နက်နဲနဲ နားလည်ပြီး လူထုကို လွှဲပြောင်းပေးနိုင်ရင် ကချင်ပြည်နယ်မှာ မြစ်ကြီးနားတက္ကသိုလ်ရှိနေခြင်းဟာ အဓိပ္ပာယ်ပိုပြီး ရှိလာမှာ ဖြစ်ပါတယ်။ စီးပွားဖြစ်မယ့် လုပ်ငန်းတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ သုတေသနတွေကို မြစ်ကြီးနားတက္ကသိုလ်က ဖြည့်ဆည်းပေးရလိမ့်မယ်။ အဲဒီလိုဆိုရင် မြစ်ကြီးနားတက္ကသိုလ်ဟာ ကချင်ပြည်နယ်လူ့အဖွဲ့အစည်းရဲ့ အရင်းအမြစ်ပဲ။ ဒီလူ့အဖွဲ့အစည်းဟာလည်း မြစ်ကြီးနားတက္ကသိုလ်ရဲ့ အရင်းအမြစ်ဖြစ်ပြီမို့ တက္ကသိုလ်နဲ့ လူ့အဖွဲ့အစည်းဟာ တစ်သားတည်း ဖြစ်လာမှာဖြစ်ပါတယ်။

သိပ္ပံနဲ့ နည်းပညာရှုထောင့်က ကြည့်ရင် ကျောက်မီးသွေးစက်ရုံ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်မယ်ဆိုရင်လည်း ဂျပန်နည်းပညာမျိုးရဖို့ မြစ်ကြီးနားတက္ကသိုလ် အပါအဝင် နည်းပညာတက္ကသိုလ်တွေက တာဝန်တွေယူသင့်ပါတယ်။ ဧရာဝတီမြစ်ကို အကြောင်းပြုပြီး ရေအားလျှပ်စစ် ထုတ်ယူခြင်းဟာ ကချင်ပြည်နယ်အတွက် တိုးတက်ရာ လမ်းကြောင်းပဲလို့ သိပ္ပံနှင့်နည်းပညာရှုထောင့်က ပြောရမှာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ နီးပါးက သိပ္ပံပညာဟာ ဥရောပမှာ ထွန်းကားခဲ့ပါတယ်။ ဒါပေမယ့် အဲဒီသိပ္ပံပညာထွန်းကားဖို့ စဉ်းစားတွေးခေါ်မှု အရင်းအမြစ်အားလုံးဟာ နိုင်းမြစ်ဝှမ်း၊ ယူဖရေးတီးစ်၊ တီးဂရစ်၊ ဂင်္ဂါ၊ ဧရာဝတီ၊ မဲခေါင်၊ တရုတ်ပြည်ထဲက မြစ်ဝှမ်းတွေမှာ စတင်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီ မြစ်ဝှမ်းတွေက စီးဆင်းလာခဲ့တဲ့ စဉ်းစားတွေးခေါ်မှုတွေ၊ လောကနီတိတွေ၊ သိပ္ပံနည်းကျ ရှာဖွေတွေ့ရှိမှု ရှိခဲ့ကြတာဖြစ်တယ်။ သိပ္ပံနဲ့ နည်းပညာတိုးတက်မှုကိုယ်၌ကိုက လူနေမှုအဆင့်အတန်း မြင့်မားစေဖို့ ညီညွတ်မျှတစေဖို့ အခွင့်အလမ်းတွေ ပါဝင်ပါတယ်။ ဒါတွေကို အကောင်းဘက်ဆွဲယူပြီး လူသားအတွက် သုံးစွဲနိုင်မယ်ဆိုရင် သိပ္ပံနဲ့နည်းပညာတိုးတက်မှုကို လူသားအားလုံးက ကြိုဆိုရမှာ ဖြစ်ပါတယ်။

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်မှာရှိတဲ့ တက္ကသိုလ်တွေဟာ ဧရာဝတီမြစ်ကို အကြောင်းပြုပြီး ဓာတုဗေဒရှုထောင့်ကသာမက ကြွယ်ဝမှုအဖုံဖုံကို စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်း၊ သင်ကြားခြင်းလုပ်ကြရင် ဒီတက္ကသိုလ်တွေက ဝန်ဆောင်ပေးနိုင်ခြင်းဟာ အဲဒီတက္ကသိုလ်ရဲ့ အဆင့် (Ranking) တွေပဲ ဖြစ်ပါတယ်။ ဒီတက္ကသိုလ်ဟာ ဒေသရဲ့ အရင်းအနှီး (Investment) ကို မွေးဖွားပေးတာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဖွဲ့စည်းထားတဲ့ တက္ကသိုလ်အစုအဖွဲ့ (Cluster Universities) တွေဟာ နိုင်ငံရဲ့ အရင်းအနှီးကို ထပ်ဆင့် ပေါက်ဖွားပေးနိုင်မှာ ဖြစ်ပါတယ်။

ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနဲ့ သံလွင်မြစ်တစ်ဝိုက်က တက္ကသိုလ်တွေ၊ ထားဝယ်တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်တို့အနေနဲ့ ကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး ထူးချွန်ပြောင်မြောက်တဲ့ သုတေသီတွေကို မွေးထုတ်ပေးနိုင်မှ လူထုရဲ့ လူမှုစီးပွားဘဝ သာယာဝပြောမှာ ဖြစ်ပါတယ်။ ဒီလိုပဲ စိုက်ပျိုးရေးအားကောင်းတဲ့ဒေသ၊ ခရီးသွားလာခြင်းလုပ်ငန်း (Tourism) အားကောင်းတဲ့ ကိုယ်စားပြုနေတဲ့ တက္ကသိုလ်တွေဟာလည်း သူ့နေရာနဲ့သူ တည်ရှိနေပြီ ဖြစ်ပါတယ်။ ဘယ်ဒေသမဆို ဒေသအသီးသီးမှာ တည်ရှိတဲ့ တက္ကသိုလ်တွေဟာ ကြွယ်ဝမှုအဖုံဖုံကို ဖော်ထုတ်နိုင်တဲ့ အလားအလာတွေ ရှိနေပြီဖြစ်ပါတယ်။ အချို့ဒေသတွေမှာ သမိုင်းကြောင်းတွေ၊ စာပေယဉ်ကျေးမှု ထွန်းကား ကြွယ်ဝမှုတွေ ထူးထူးခြားခြားရှိပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၀ | ၂၀၇၅ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၀ | ၂၁၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၁၁၅ | ၂၁၂၀ | ၂၁၂၀ | ၂၃၄၀ | ၂၄၀၅ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၄၀၀ | ၂၇၂၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၆၀ | ၂၇၂၀ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၂၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၇၅၅ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၂၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၇၅၅ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၆ | ၂၀၀၈ |
| 95 Ron | ၁၉၉၄ | ၂၀၆၈ |
| HSD (500 ppm) | ၂၂၄၉ | ၂၃၂၄ |
| HSD (50 ppm) | ၂၂၇၇ | ၂၃၅၂ |
| HSD (10 ppm) | ၂၂၇၇ | ၂၃၅၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

# ပြည်ပမှ ရွှေကုန်ကြမ်းတင်သွင်းနိုင်ရေးအပါအဝင် ဈေးနှုန်းကန့်သတ်မှုများပြုလုပ်ရန် ရန်ကုန်ရွှေအသင်းဆုံးဖြတ်

နေပြည်တော် မေ ၄

ရွှေဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးနှင့် ရွှေကုန်ကြမ်းပြတ်လပ်မှု မရှိစေရေးအတွက် ရွှေလုပ်ငန်းရှင်များက ယနေ့ မေ ၄ ရက်က ဆွေးနွေးညှိနှိုင်း၍ ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြသည်။ အဆိုပါ ဆုံးဖြတ်ချက်များအတွင်း ပြည်ပမှ ရွှေတင်သွင်းနိုင်ရေး၊ ရွှေဈေးနှုန်းကန့်သတ်ခြင်း၊ ရွှေဝယ်ယူမှုအတွက် လုပ်ဆောင်ရန်များနှင့် နယ်စပ်ဖြတ်ကျော်ရောင်းဝယ်မှုများကို တားဆီးနိုင်ရန် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

ရွှေဈေးကွက်သည် ရွှေတူးဖော်ရေးလုပ်ငန်းများ အခက်အခဲရှိသည့် မိုးတွင်းကာလများ၌ အနည်းငယ်မြင့်တက်နိုင်သည်မှာ နှစ်စဉ်ဖြစ်သော်လည်း ယခုနှစ်တွင်မူ ရွှေဝယ်လိုအား ပိုမိုမြင့်တက်လျက်ရှိသည်ကိုလည်း ဈေးကွက်အတွင်း မြင်တွေ့ရသည်။

“ရွှေဈေးနှုန်း သတ်မှတ်ထုတ်ပြန်ရာမှာ ကမ္ဘာ့ရွှေဈေး၊ ပြည်တွင်းငွေကြေးဈေးကွက် ပေါက်ဈေးတွေကို အခြေခံပြီး တွက်ချက်ထုတ်ပြန်ရတာ ဖြစ်ပါတယ်။ ဒီကနေ့ ဆုံးဖြတ်ချက်မှာတော့ ရွှေဆိုင်တွေနဲ့ ရွှေကုန်သည်တွေအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကနေ နေ့စဉ်ထုတ်ပြန်နေတဲ့ ရွှေဈေးနှုန်းကို ငွေကျပ် ၅၀၀၀ ပေါင်းထည့် ရောင်းဝယ်ပေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရွှေဆိုင်ပိုင်ရှင်များ၊ ရွှေလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ငါးခုဖြစ်သည့် ရွှေဈေးကွက်အတွင်း ရွှေကုန်ကြမ်းပြတ်လပ်မှု မရှိစေရေးအတွက် နိုင်ငံခြားမှ တင်သွင်းနိုင်ရေးကို ဆောင်ရွက်ရန်၊ ရွှေဆိုင်နှင့် ရွှေကုန်သည်များမှ အသင်း၏ ရွှေဈေးနှုန်း၏ ၅၀၀၀ ပေါင်းထည့်၍ ရောင်းဝယ်ခြင်းကို ဆောင်ရွက်ရန်၊ ဗဟိုဘဏ်မှ ရွှေရောင်းချပေးရေးအတွက် တင်ပြရန်၊ ရွှေတွင်းလိုင်စင်ရှိ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်၍ ရွှေဝယ်ယူမှုကို ဆောင်ရွက်ရန်၊ နယ်စပ်ဖြတ်ကျော်ရောင်းဝယ်မှုများတွင် တိုင်းပြည်နှင့် ပြည်နယ်အသင်းများနှင့် ဆက်သွယ်၍ တားဆီးဆောင်ရွက်ရန် စသည့်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။



YGEA အသင်းတာဝန်ရှိသူများနှင့် ရွှေဆိုင်များ၊ လုပ်ငန်းရှင်များ ဆွေးနွေးညှိနှိုင်းစဉ်။

ယနေ့နံနက်ပိုင်းတွင် အသင်းမှ ရွှေဈေးဖွင့်သည့်နှုန်းမှာ အကယ်ဒမီမီးလင်းရွှေ တစ်ကျပ်သားကို ငွေကျပ် ၁၉၈၉၃၀၀ ဖြင့် ဈေးနှုန်းဖွင့်ထားသည်ကို မြင်တွေ့ရပြီး အောင်သမာဓိမှ အလျော့တွက်ပါသော အခေါက်ရွှေထည်၊ အလျော့တွက်ပါသော ၁၅ ပဲရည် ရွှေထည်များကို ရောင်းချသည့် ဈေးနှုန်းအဖြစ် အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၉၉၅၀၀၀ ဈေးဖွင့်ထားသည်ကို မြင်တွေ့ရသည်။ အချို့ရွှေဆိုင်များကမူ အရောင်းရပ်နားထားသည်ကိုလည်း သိရသည်။ ယနေ့ ကမ္ဘာ့ရွှေဈေးမှာမူ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၈ ဒသမ ၁၂ ဈေးဖြင့် ဈေးဖွင့်ထားသည်ကို မြင်တွေ့ရသည်။

“ရွှေဈေးနှုန်းက ပုံမှန်နှစ်တိုင်း မိုးရာသီဆိုရင် ဈေးနည်းနည်းတက်လေ့ရှိတယ်။ အဓိက ကတော့ ရောင်းလိုအားနဲ့ ဝယ်လိုအားပေါ့။ မိုးတွင်းဆို ရွှေတူးဖော်ဖို့ အခက်အခဲရှိတော့ ကုန်ကြမ်းအဝင်နည်းတယ်။ အဲဒီကာလနားနီးလာရင် ပုံမှန်ဈေးက တက်လာတာ။ အဲဒီလိုကာလမှာ ဝယ်လိုအားက မြင့်တက်လာရင် ရွှေသမားတွေအတွက် အခက်အခဲရှိတယ်။ အခုရက်ပိုင်းမှာ ရွှေဈေးက နည်းနည်းလှုပ်ခတ်တယ်။ အဝယ်ကလည်း လိုက်လာတယ်။ အခုလို ဈေးနှုန်းသတ်မှတ်လိုက်တာလည်း ကောင်းပါတယ်။ နယ်စပ်ဖြတ်ကျော် အရောင်းအဝယ်တွေကိုလည်း ထင်သာမြင်သာ တားဆီးပေးသင့်ပါတယ်။ ဒါတွေတင်မကဘူး။ အွန်လိုင်းကနေ လိုင်စင်မရှိ ရောင်းချနေတာတွေကိုလည်း တားဆီးပေးသင့်တယ်။ ရောင်းမှား ဝယ်မှား မဖြစ်စေချင်သလို ရွှေဈေးနှုန်းလည်း တည်ငြိမ်စေချင်ပါတယ်။ ဈေးကွက်မှာ ကုန်ကြမ်းမပြတ်စေဖို့အတွက်လည်း အသင်းသားတွေအားလုံးအပြင် နိုင်ငံတော်ကလည်း ပံ့ပိုးပေးစေလိုပါတယ်”ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးကလည်း သူ့အမြင်ကို ပြောကြားသည်။

သင်္ကြန်ကာလအပြီး အသင်းက ဧပြီ ၂၀ ရက်တွင် ဈေးနှုန်းစတင်ဖွင့်လှစ်ခဲ့သည်ကို မြင်တွေ့ရပြီး ငွေကျပ် ၂၀၇၀၀၀၀ ဝန်းကျင် ဖြစ်ခဲ့သည်။ ရွှေလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမှုပြုလုပ်သည့် ယနေ့တွင် ယမန်နေ့က ဈေးနှုန်းထက် တစ်ကျပ်သားလျှင် ငွေကျပ် ၄၂၀၀ ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည်လည်း အမေရိကန်ငွေကြေးဖောင်းပွမှု နောက်ဆက်တွဲ အခြေအနေများကြောင့် ဈေးနှုန်းကျဆင်းလာခဲ့ပြီး ယခုကာလဈေးနှုန်းများသည် ယခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် အနိမ့်ဆုံးအရောင်းအဝယ်လုပ်ဆောင်သည့် ဈေးနှုန်းများအဖြစ် စံချိန်တင်ခဲ့သည်။

**ခင်ရတနာ၊ ဓာတ်ပုံ - ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်း**

# ကမ္ဘာ့အမြင့်ဆုံး အလိုအလျောက်မိုးလေဝသစောင့်ကြည့်ရေးစခန်းတစ်ခု တရုတ်သိပ္ပံသုတေသီများ တည်ဆောက်

**တိဘက် မေ ၄**

တရုတ် သိပ္ပံသုတေသီများသည် တရုတ်-နီပေါနယ်စပ် အမြင့် ၈၈၀၀ မီတာရှိ Qomolangma တောင်ကုန်းပေါ်တွင် ကမ္ဘာ့အမြင့်ဆုံး အလိုအလျောက် မိုးလေဝသ စောင့်ကြည့်ရေးစခန်း တစ်ခုကို မေ ၄ ရက်တွင် တည်ဆောက်ခဲ့ကြောင်း သိရသည်။

တိဘက်ကုန်းပြင်မြင့် သုတေသန၏ အဆိုအရ ကမ္ဘာ့အမြင့်ဆုံး မိုးလေဝသစခန်းတစ်ခု ဖြစ်လာစေရန် ၂၀၁၉ ခုနှစ်က ဗြိတိန်နှင့် အမေရိကန် သိပ္ပံပညာရှင်များ တောင်ကုန်း၏ တောင်ဘက် အမြင့် ၈၄၃၀ မီတာတွင် တည်ဆောက်ခဲ့သော မိုးလေဝသစခန်းကို အစားထိုးတည်ဆောက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

တိဘက်ကုန်းပြင်မြင့် သုတေသနမှ သုတေသီတစ်ဦးဖြစ်သူ ဟွာဘောယိုက စောင့်ကြည့်ထားသော မိုးလေဝသဆိုင်ရာ အချက်အလက်များကို သိပ္ပံဆိုင်ရာ သုတေသနနှင့် တောင်တက် လှုပ်ရှားမှုများတွင် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

Qomolangma တောင်ကုန်းပေါ်ရှိ ပြီးပြည့်စုံသော သိပ္ပံဆိုင်ရာ လေ့လာမှုအသစ်သည် ကွင်ဟိုင်း-တိဘက် ကုန်းပြင်မြင့်တွင် တရုတ်နိုင်ငံ၏ ဒုတိယမြောက် သိပ္ပံဆိုင်ရာ သုတေသနစစ်တမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ဆင်ဟွာ



# ကယ်လီဖိုးနီးယား၌ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀၀ ကျော် ဖန်တီးပေးရန် အမေဇုန် စီစဉ်

**ဆန်ဖရန်စစ္စကို မေ ၄**

အမေရိကန်နိုင်ငံ အနောက်ပိုင်း ကယ်လီဖိုးနီးယား ပြည်နယ်ရှိ မြို့နယ်အများအပြားတွင် လာမည့်နှစ်များအတွင်း နည်းပညာဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀၀ ကျော် ဖန်တီးပေးရန် စီစဉ်ထားကြောင်း အမေဇုန်က မေ ၃ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။



အမေဇုန်သည် အီဗီနီနှင့် ဆန်တာမော်နီကာ အပါအဝင် ဆန်ဒီယေဂိုနှင့် လော့စ်အိန်ဂျလိစ်မြို့များ၌ ၎င်း၏ Tech Hubs နည်းပညာများကို တိုးချဲ့ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ အမေဇုန်သည် ကယ်လီဖိုးနီးယားတောင်ပိုင်းရှိ နေရာ ၁၅ ခု ကျော်တွင် ရင်းနှီးမြှုပ်နှံထားပြီး ၂၀၂၁ ခုနှစ်တွင် ပြည်နယ်အနှံ့ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၇၀၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့သည်။

အဆိုပါ အလုပ်အကိုင် အခွင့်အလမ်း ၂၅၀၀ ကျော်တွင် နည်းပညာဆိုင်ရာ အရင်းအမြစ်များ တည်ဆောက်ခြင်း၊ အဲလက်ဇာ နည်းပညာ တိုးတက်အောင် ပြုလုပ်ခြင်းနှင့် နောက်ဆုံးထွက် ဗီဒီယိုဂိမ်းများကို ဒီဇိုင်းထုတ်ခြင်းများ ပါဝင်ကြောင်း အမေဇုန် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ဒုတိယဥက္ကဋ္ဌ ဟိုလီဆူလီဗန်က ပြောကြားသည်။

အမေဇုန်သည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ကယ်လီဖိုးနီးယားတွင် အချိန်ပြည့်နှင့် အချိန်ပိုင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၇၀၀၀၀ ကျော်ကို ဖန်တီးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၈၁ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေးထိုးရန် လာအိုကျန်းမာရေးအာဏာပိုင်များ အကြံပေး

**ဗီယန်ကျင်း မေ ၄**

လာအိုနိုင်ငံသူ နိုင်ငံသားများကို ခုခံအား ပိုကောင်းစေရန်နှင့် နိုင်ငံခြားခရီး လျှောက်ထားမှုများအတွက် လိုအပ်သော စံချိန်စံညွှန်းများ ပြည့်မီစေရန် ကိုဗစ်-၁၉ အပိုဆောင်း ကာကွယ်ဆေးထိုးထားကြရန် လာအိုကျန်းမာရေး အာဏာပိုင်များက အကြံပေးထားသည်။

နိုင်ငံခြားခရီးသွား လျှောက်လွှာများအတွက် တတိယအကြိမ် သို့မဟုတ် စတုတ္ထအကြိမ် အပိုဆောင်းကိုဗစ် -၁၉ ကာကွယ်ဆေးထိုးထားသည့် အထောက်အထား လိုအပ်ကြောင်း ဗီယန်ကျင်း တိုင်းမ် နေ့စဉ်သတင်းစာတွင် မေ ၄ ရက်က ဖော်ပြလိုက်သည်။



လာအိုနိုင်ငံတွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

လာအိုနှင့် နိုင်ငံခြားသားများအတွက် ခရီးသွားလာနိုင်ရန် တိုင်းပြည်ကို အပြည့်အဝပြန်လည်ဖွင့်လှစ်ဖို့ အစိုးရကဆုံးဖြတ်လိုက်ပြီးနောက် ယခုလို အပိုဆောင်း ကာကွယ်ဆေးထိုးရေး လာအိုကျန်းမာရေး အာဏာပိုင်များ၏ အကြံပေးချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အမျိုးသားလုပ်ငန်းကော်မတီသည် လာအိုနှင့် နိုင်ငံခြားသားများအတွက် နယ်စပ်ဝင်ပေါက်များကို ပြန်လည်ဖွင့်လှစ်ရန် အဆိုပြုချက်နှင့် ပတ်သက်ပြီး နိုင်ငံခြားသား နေထိုင်သူများ အပါအဝင် ပြည်သူ့သဘောထားအမြင်များကို လတ်တလောတွင် ဆွေးနွေးလျက်ရှိသည်။

ဆွေးနွေး အကြံပြုချက်များ ပါဝင်သော အဆိုပြုလွှာကို ဆုံးဖြတ်ချက်ချနိုင်ရန် အစိုးရထံသို့ တင်သွင်းသွားမည်ဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စုစုပေါင်း ကူးစက်ဖြစ်ပွားသူ ၄၃၀၈၈၀၁၈ ဦးရှိလာ

**နယူးဒေလီ မေ ၄**

နိုင်ငံအတွင်း လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၂၀၅ ဦး ရှိလာသောကြောင့် အိန္ဒိယနိုင်ငံတွင် မေ ၄ ရက်က ကိုဗစ်-၁၉ စုစုပေါင်းကူးစက်ဖြစ်ပွားသူ ၄၃၀၈၈၀၁၈ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီက မြို့တော်ဒေလီတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၁၄ ဦး ရှိသည်။ လတ်တလောတွင် မြို့တော်ဒေလီတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၅၉၈၆ ဦး ရှိသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် နိုင်ငံအတွင်း ထပ်မံသေဆုံးသူ ၃၁ ဦး ရှိလာသောကြောင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၅၂၃၉၂၀ ရှိလာသည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၁၉၅၀၉ ဦး ရှိသည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်စွာကုသပေးနိုင်ခဲ့ပြီး ဆေးရုံမှ ဆင်းလာသူပေါင်း ၄၂၅၄၄၆၈၉ ဦး ရှိသည်။

ဆင်ဟွာ




ဖေဖော်ဝါရီလက ကျင်းပပြုလုပ်ခဲ့သော ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

# ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့၌ အရေးကြီးသည့် အစည်းအဝေးသုံးခုကို လက်ခံကျင်းပသွားမည်

**ဖနောင်ပင် မေ ၄**

ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သည် အရှေ့တောင်အာရှဒေသတွင်း၌ အရေးကြီးသည့် အစည်းအဝေးသုံးခုကို ကျင်းပမည်ဖြစ်ကြောင်း သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများက မေ ၄ ရက်က ထုတ်ပြန်လိုက်သော ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် စက်မှုထိပ်သီးနိုင်ငံများအစည်းအဝေး (ဂျီ-၂၀ )အစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ထိုင်းနိုင်ငံသည် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အာဆီယံ၊ ဂျီ-၂၀ နှင့် အေပက်လုပ်ငန်းစဉ်များသည် အများသဘောတူဆန္ဒများကို မျှဝေခြင်းဖြစ်သည်။

လာမည့်အာဆီယံအစည်းအဝေးသည်ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ကို ဖော်ပြသွားမည်ဖြစ်သည်။

ဆင်ဟွာ

# နိုင်ငံတကာအဆင့်မီ အရိုးရောဂါဆိုင်ရာ အသိပညာအတွေ့အကြုံများကို တပ်မတော်အရိုးဆရာဝန်တွေ အောင်မြင်စွာရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုကို တွေ့ရမှာပါ

*တွေ့ဆုံမေးမြန်း – သစ္စာ (MNA)*

(၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာ နှီးနှောဖလှယ်ပွဲကို မေ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးပညာနှီးနှောဖလှယ်ပွဲ ကွန်ဖရင့်အကြို အလုပ်ရုံဆွေးနွေးပွဲကို "AO Principle Of Fracture Fixation Basic Course" ခေါင်းစဉ်ဖြင့် မေ ၅ ရက်နှင့် ၆ ရက်တို့တွင် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရှိ သူရမွန်ထေဝသက်ညွှန့်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်တွင်း၊ ပြည်ပမှ အရိုးရောဂါဆိုင်ရာ ပါရဂူ၊ ပါမောက္ခနှင့် ပညာရှင်များ တက်ရောက်၍ အရိုးရောဂါဆိုင်ရာ ဆေးပညာနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြမည်ဖြစ်သည်။

တပ်မတော်အရိုးရောဂါကု ဆေးရုံကြီးကို နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးအဖြစ် ဖော်ဆောင်လျက်ရှိပြီး သုတေသနလုပ်ငန်းများကိုလည်း ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း တိုးမြှင့်လုပ်ဆောင်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ ထို့ကြောင့် ကွန်ဖရင့်အကြို အလုပ်ရုံဆွေးနွေးပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် ဦးဆောင်ကြိုးပမ်းဆောင်ရွက်နေသည့် အတိုင်ပင်ခံ အရိုးခွဲစိတ်ပါရဂူ ဒုတိယဗိုလ်မှူးကြီး ဟိန်းလတ်ဝင်းနှင့် တွေ့ဆုံမေးမြန်းထားပါသည်။

**မေး ။ ယခု workshop က ဘယ်လိုပွဲမျိုးပါလဲ၊ အလုပ်ရုံဆွေးနွေးပွဲအကြောင်း သိပါရစေ။**

ဖြေ ။ ဒီအလုပ်ရုံဆွေးနွေးပွဲဟာ ကွန်ဖရင့်အကြို အလုပ်ရုံဆွေးနွေးပွဲ (Pre Conference Workshop on AO Principle of Fracture Fixation Basic Course) ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ ပညာရပ်ဆိုင်ရာ အဆင့်အမြင့်ဆုံး ဆေးပညာအခမ်းအနားတစ်ခုဖြစ်တဲ့ (၂၉) ကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲအကြိုအနေနဲ့ ဂုဏ်ပြုကျင်းပတာဖြစ်ပါတယ်။ အဓိကကတော့ ကျန်းမာရေးဝန်ကြီးဌာနက ဘာသာရပ်ဆိုင်ရာ ပါမောက္ခဆရာဝန်ကြီးများ၊ နိုင်ငံခြားသားပညာရှင်များနဲ့ နိုင်ငံတစ်ဝန်းက တပ်မတော်သားအရိုးရောဂါပါရဂူ ၁၀၀ ကျော်ဟာ အရိုးရောဂါဆိုင်ရာ ခေတ်ပေါ်ကုထုံးများနဲ့ ပတ်သက်ပြီး တိုက်ရိုက်ဆွေးနွေးမေးမြန်း၊ အတွေ့အကြုံချင်း နှီးနှောဖလှယ်နိုင်မယ့် ပထမဆုံးသော နိုင်ငံတကာအဆင့်မီ အဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲကြီးတစ်ခုလည်း ဖြစ်ပါတယ်။

**မေး ။ ဒီ Workshop ရဲ့ ခေါင်းစဉ်ဖြစ်တဲ့ AO Course အကြောင်းလေး သိချင်ပါတယ်။**

ဖြေ ။ AO ဆိုတာ ကမ္ဘာ့အရိုးရောဂါကုသမှုဆိုင်ရာ လေ့လာရေးနဲ့ မူဝါဒချမှတ်ရေး အသင်းကြီးဖြစ်ပါတယ်။ အရိုးရောဂါဆိုင်ရာ ကုသမှုအဆင့်အတန်းကို စဉ်ဆက်မပြတ် မြင့်မားတိုးတက်စေဖို့ ရည်ရွယ်ချက်နဲ့ နိုင်ငံတကာအရိုးပညာရှင်ကြီးများ စုပေါင်းဖွဲ့စည်းထားတာပါ။ အဲဒီအသင်းကို ၁၉၅၈ ခုနှစ်က ဆွစ်ဇာလန်နိုင်ငံမှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။

AO အသင်းကြီးရဲ့ ပင်မလုပ်ငန်းတာဝန်ကတော့ ကမ္ဘာတစ်ဝန်းက အရိုးရောဂါဆိုင်ရာ ကုသမှုအချက်အလက်တွေကို စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်ပြီး ကုသမှုလမ်းညွှန်မူဝါဒများ ရေးဆွဲပေးခြင်းနဲ့ ကမ္ဘာအနှံ့မှာ AO Course သင်တန်းများကို ပို့ချပေးခြင်းပဲ ဖြစ်ပါတယ်။ အခုကျင်းပတဲ့ AO Principle of Fracture Fixation Basic Course ဟာ အရိုးကျိုးခြင်းများကို စနစ်တကျ နည်းမှန်လမ်းမှန်နဲ့ နောက်ဆုံးပေါ် နည်းစနစ် အယူအဆများအပေါ် အခြေခံပြီးတော့ မှန်ကန်စွာခွဲစိတ်ကုသပြီး မူလအတိုင်း ပြန်ဆက်စေခြင်း ဖြစ်ပါတယ်။ ဒါမှသာ အရိုးကျိုးလူနာများအနေနဲ့ လူမှုဘဝအရည်အသွေး (Quality of Life)ကို အပြည့်အဝ ပြန်လည်ရရှိမှာဖြစ်ပါတယ်။

နောက်ဆုံးပေါ်နည်းပညာဆိုင်ရာနဲ့ လက်တွေ့သင်ထောက်ကူပစ္စည်းဆိုင်ရာ တန်ဖိုးကြီးမားခြင်းကန့်သတ်ချက်တွေကြောင့် ဒီလို AO Course တွေကို ဖွံ့ဖြိုးပြီး အနောက်နိုင်ငံတွေမှာ ယေဘုယျအားဖြင့် ပြုလုပ်နိုင်ကြပြီးတော့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ ခက်ခဲပါတယ်။ ဒါကို ကျွန်တော်တို့ မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေနဲ့ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။

**မေး ။ ဒီ Workshop ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း ပြောပြပေးပါ။**

ဖြေ ။ အရိုးရောဂါ ဘာသာရပ်ဟာ မြန်မာ့တပ်မတော်ဆေးပညာနယ်ပယ်မှာ အလွန်အရေးပါတဲ့ကဏ္ဍမှာ ပါဝင်နေပါတယ်။ ပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေးအခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ဒီအလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ နေရာဒေသအသီးသီးက တပ်မတော်သား အရိုးပါရဂူများအားလုံးကို ချိတ်ဆက်စုစည်းပြီး နိုင်ငံတကာနဲ့ ဆက်သွယ်ပြီးတော့ Continuous Medical Education တစ်ရပ်အနေဖြင့် နောက်ဆုံးပေါ် အယူအဆနည်းပညာနဲ့ နည်းစနစ်တွေကို သိအောင်၊ တတ်အောင်၊ လက်တွေ့လုပ်ဆောင်နိုင်အောင် သင်ပေးခြင်းဖြစ်ပါတယ်။

ဒီလို လုပ်ဆောင်နိုင်ခြင်းအားဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဘွဲ့ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းမိန့်ခွန်းမှာ လမ်းညွှန်ချက်ဖြစ်တဲ့ **"တိုက်ပွဲဝင်စစ်သည်တော်တိုင်း ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားနေမှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာဖြစ်လို့ ရဲဘော်တို့လို အရာရှိဆရာဝန်တွေရဲ့ ကျွမ်းကျင်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေဟာ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားရေးအတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုလျက်ရှိတယ်ဆိုတာကို ရဲဘော်တို့ သိရှိနားလည်ထားဖို့ လိုမှာဖြစ်တယ်"** ဆိုတာနဲ့အညီ ဆေးကုသမှုအဆင့်အတန်းတွေ မြင့်မားလာပြီးတော့ တပ်မတော်ရဲ့ တိုက်စွမ်းရည်၊ တိုက်စွမ်းအား(Combat Power)ကို တစ်ဖက်တစ်လမ်းကနေ တိုးမြှင့်အောင် အထောက်အကူပြုနိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး ။ ဒီ Workshop ကို ဘယ်သူတွေ တက်ရောက်ကြမလဲခင်ဗျာ။**

ဖြေ ။ ပြည်ပနိုင်ငံတွေဖြစ်တဲ့ စင်ကာပူနဲ့ မလေးရှားနိုင်ငံက အတွေ့အကြုံရင့်ကျက်တဲ့ ပါမောက္ခဆရာဝန်ကြီးများ၊ ပြည်တွင်းဆေးတက္ကသိုလ်များက အရိုးရောဂါဆိုင်ရာ ပါမောက္ခဌာနမှူးများအားလုံးနဲ့ ပန်းလှိုင် အပြည်ပြည်ဆိုင်ရာဆေးရုံကြီးက အတိုင်ပင်ခံ အရိုးအထူးကုဆရာဝန်ကြီး၊ တပ်မတော်အရိုးရောဂါဆိုင်ရာ ပါမောက္ခပါရဂူကြီးများနဲ့ တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဘွဲ့လွန်ကျောင်းသားများ၊ ဆေးလက်တွေ့ ပါရဂူကျောင်းသားများအားလုံး စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြမှာပါ။

နိုင်ငံတစ်ဝန်းက တပ်မတော်သားအရိုးပါရဂူ ၁၀၀ နီးပါးကလည်း Virtual Online Video Conferencing ကနေ ပါဝင်ဆွေးနွေးကြမှာပါ။ ပြည်တွင်းပြည်ပက အတွေ့အကြုံရင့်ကျက်တဲ့ အရိုးရောဂါဆိုင်ရာပညာရှင်ကြီးများက တက်ရောက်သူများကို အရိုးရောဂါဆိုင်ရာ နောက်ဆုံးပေါ် နိုင်ငံတကာ ကုထုံးတွေနဲ့ ပတ်သက်ပြီး အယူအဆအတွေးအခေါ်ပိုင်းကို လက်တွေ့လုပ်ဆောင်နိုင်တဲ့အထိ ဆွေးနွေးသွားကြမှာပါ။

**မေး ။ ဒီအလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ဖို့ ဘယ်လို စီစဉ်ဆောင်ရွက်ခဲ့ရပါသလဲ။**

ဖြေ ။ နိုင်ငံတကာအဆင့်မီ အရိုးရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု အောင်အောင်မြင်မြင်ဖြစ်မြောက်ဖို့ ခက်ခဲစွာ ဆောင်ရွက်ရတယ်လို့ ဆိုရမှာပါ။ အရိုးရောဂါနယ်ပယ်မှာ ပြည်တွင်း၊ ပြည်ပ ပါမောက္ခဆရာဝန်ကြီးများနဲ့ ဆေးဝန်ထမ်းတပ်ဖွဲ့က အရိုးပါရဂူများအားလုံးနီးပါး all inclusive ပါဝင်နိုင်ဖို့ အချိန်ယူပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ရတာပါ။ စာတွေ့လက်တွေ့ သင်ခန်းစာများကို ပြင်ဆင်ခြင်း၊ လက်တွေ့လေ့ကျင့် ဆောင်ရွက်နိုင်ဖို့ သင်ထောက်ကူပစ္စည်းဖြစ်တဲ့ အရိုးတုနဲ့အရိုးခွဲစိတ်မှုဆိုင်ရာ ပစ္စည်းများပြင်ဆင်မှုကို ဆောင်ရွက်ရာမှာ ကုန်ကျစရိတ်ကြီးမြင့်မှုကို ကြုံတွေ့ရပေမယ့် နိုင်ငံတကာမှာ ဒီလိုပွဲမျိုး ကျင်းပတက်ရောက်နိုင်ဖို့ ငွေကြေးကုန်ကျချိန်မှာ မြန်မာနိုင်ငံမှာ နိုင်ငံတကာအဆင့်မီ အရိုးရောဂါဆိုင်ရာ အသိပညာအတွေ့အကြုံများကို တပ်မတော်အရိုးဆရာဝန်တွေအတွက် အလွယ်တကူ အောင်မြင်စွာရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို တွေ့မြင်ရမှာပါ။

**မေး ။ နောက်ဆက်တွဲ အကျိုးကျေးဇူးတွေရော ရှိနိုင်မလားခင်ဗျာ။**

ဖြေ ။ ဒီလို အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းအားဖြင့် မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ အရိုးပါရဂူငယ်များအနေနဲ့ တပ်မတော်အရိုးရောဂါနယ်ပယ်က ပါရဂူကြီးများ၊ ပြည်တွင်းကျန်းမာရေးဝန်ကြီးဌာနအောက်က ပါရဂူကြီးများနဲ့ ဆေးပညာဆိုင်ရာ ဘာသာရပ်များကို တိုက်ရိုက်မေးမြန်းဆွေးနွေးနိုင်တဲ့အတွက် မိမိတို့ရဲ့ အတွေ့အကြုံတွေကို နှီးနှောဖလှယ်ခွင့်ရရှိကြမှာပါ။

နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့အနေနဲ့ တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာကုသမှုနဲ့ ပတ်သက်ပြီး အတွေ့အကြုံများစွာ ရှိပါတယ်။ ဒါကြောင့် အလုပ်ရုံဆွေးနွေးပွဲမှာ ထည့်သွင်းကျင်းပတဲ့ အာဆီယံအဆင့် အရိုးဆရာဝန်များနဲ့ ပြုလုပ်ခဲ့တဲ့ Webinar ဆွေးနွေးပွဲမှာ တိုက်ပွဲတွင်း ထိခိုက်ဒဏ်ရာနဲ့ ဆက်စပ်အရိုးကျိုးခြင်းနဲ့ ပတ်သက်ပြီး ဦးဆောင်ကဏ္ဍကနေ ဆွေးနွေးနိုင်ခဲ့တဲ့အတွက် မြန်မာ့တပ်မတော် ဆေးတပ်ဖွဲ့အတွက်သာမက မြန်မာ့တပ်မတော်ရဲ့ ဂုဏ်ကိုလည်း မြှင့်တင်နိုင်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ရောဂါလှိုင်း ကာလအတွင်းမှာလည်း မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဆေးအကာအကွယ်ပေးနိုင်မှု အင်္ဂါစဉ်အခြေခံအဆင့်မှ ပါရဂူဆေးမှူးငယ်တွေကို Telemedicine နည်းပညာသုံး ပလက်ဖောင်းကတစ်ဆင့် လိုအပ်တဲ့ဆေးဝါးကုသမှုပိုင်းဆိုင်ရာ အကြံဉာဏ်တွေနဲ့ ဆုံးဖြတ်ချက်တွေကို ပေးခဲ့ပါတယ်။

တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာနဲ့ ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေဟာ ဘယ်နေရာမှာမဆို ဆောင်ရွက်လို့ရနိုင်တဲ့အတွက် လုပ်ဆောင်ဖို့ အခက်အခဲရှိလာရင် Telemedicine နည်းပညာနဲ့ ချိတ်ဆက်ပြီးတော့ ကူညီဆောင်ရွက်ပေးနိုင်အောင် သုတေသနတွေ့ရှိချက်တွေကို ဒီလိုမျိုးညီလာခံမှာ ဖတ်ကြားတင်သွင်းနိုင်အောင် နယ်ပယ်ဒေသအသီးသီးက ညီငယ်မျိုးဆက်သစ် အရိုးရောဂါပါရဂူတွေကို တိုက်တွန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ မိခင်တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီးကို နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးအဖြစ် မိမိတို့တတ်နိုင်တဲ့ ကဏ္ဍကနေ ဦးဆောင်ဦးရွက် ကြိုးစားဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။



ဒုတိယဗိုလ်မှူးကြီး ဟိန်းလတ်ဝင်း
(အတိုင်ပင်ခံ အရိုးခွဲစိတ်ပါရဂူ)

**မေး ။ မြန်မာ့တပ်မတော် ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်းများအပေါ် အလုပ်ရုံဆွေးနွေးပွဲရဲ့ သက်ရောက်မှုအနေနဲ့ ဘယ်လို ရှိနိုင်ပါလဲ။**

ဖြေ ။ အရင်ကတည်းကလည်း ကျွန်တော်တို့ ခွဲစိတ်ကုသမှု လုပ်ကြတယ်။ ခွဲစိတ်ကုသမှုရလဒ်တွေကို သုတေသနတွေ လုပ်ခဲ့ကြတယ်။ သာဓကအားဖြင့်ပြောရရင် တပ်မတော်ဆေးသုတေသနတပ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာဆိုင်ရာ သုတေသန Project တွေရဲ့ ရလဒ်အဖြစ် စစ်သည်များ ရှေ့တန်းစစ်မြေပြင်မှာ အသက်အန္တရာယ်အရေးပေါ်ကုသမှု အထောက်အကူပြုဆေးပစ္စည်းများဖြစ်တဲ့ သွေးတိတ်ပတ်တီး၊ သွေးတိတ်ကြိုး စတာတွေကို အမြောက်အမြား ထုတ်လုပ်နိုင်အောင် နည်းပညာထောက်ပံ့ပေးနိုင်ခဲ့တဲ့အတွက် တိုက်ပွဲဝင်ဆေး အကာအကွယ်ပေးမှုလုပ်ငန်းများအားလုံးမှာ တစ်ဖက်တစ်လမ်းကနေ ထိရောက်စွာ အထောက်အကူပေးနိုင်ခဲ့ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခြင်းအားဖြင့် ဆေးပညာဆိုင်ရာ သုတေသနလုပ်ငန်းတွေကို တပ်မတော်ဆေးသုတေသနတပ်၊ ပြည်တွင်းက ဆေးပညာရှင်များနဲ့ နိုင်ငံတကာနယ်ပယ်အထိ ပေါင်းစပ်ဆောင်ရွက်နိုင်မှာ ဖြစ်တာကြောင့် တပ်မတော်ရဲ့ တိုက်စွမ်းရည်၊ တိုက်စွမ်းအားအတွက် အထောက်အကူဖြစ်စေမယ့် သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာအဆင့်မီ တိုးမြှင့်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

**မေး ။ ကွန်ဖရင့်အကြို အလုပ်ရုံဆွေးနွေးပွဲဟာ မြန်မာ့တပ်မတော်ဆေးပညာ နှီးနှောဖလှယ်ပွဲအပေါ် ဘယ်လိုအကျိုးသက်ရောက်မှု ရှိစေနိုင်မလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲဟာ Main Conference အပေါ် အများကြီး အဆင့်အတန်းမြင့်မားအောင် သက်ရောက်မှုရှိစေပြီး နိုင်ငံတကာအဆင့်မီ ဂုဏ်သိက္ခာမြင့်မားစေမှုကို တစ်ဖက်တစ်လမ်းက စွမ်းဆောင်နိုင်စေတဲ့ အကြိုအလုပ်ရုံဆွေးနွေးပွဲကြီးတစ်ခု ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

# မေ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၃၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၈၉,၆၀၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၉၅၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၈၉၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၃၀,၇၈၂,၄၄၂) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၇,၁၀၉,၈၇၈) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၃,၆၇၂,၅၆၄) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၄၉၄,၂၃၄) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၃-၅-၂၀၂၂) ရက်နေ့ အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၅၅,၉၄၉,၂၄၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၇၂) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံ များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၆) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၁) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၃၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၅၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၇၆၀) ခု | (၁၄) ဦး |
| စုစုပေါင်း | (၁၁,၃၄၄) ခု | (၂၇) ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၃-၅-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ် ထိုးနှံပြီးလူဦးရေ | (၇,၁၀၉,၈၇၈) ဦး |
| ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးလူဦးရေ | (၂၃,၆၇၂,၅၆၄) ဦး |
| ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီး လူဦးရေ | (၁,၄၉၄,၂၃၄) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့်ထိုးနှံပြီး လူဦးရေ | (၃၀,၇၈၂,၄၄၂) ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေးအကြိမ်ပေါင်း (Vaccine Doses) | (၅၅,၉၄၉,၂၄၀) ကြိမ် |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့် ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဧပြီ ၃၀ ရက်အထိ မြေပြင်၌ အမှန်တကယ်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ (၉၁ ဒသမ ၉) ရာခိုင်နှုန်းအထိ ကာကွယ်ဆေးလွှမ်းခြုံမှုရရှိ

**နေပြည်တော် မေ ၄**

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၈ နှစ်နှင့်အထက် လုပ်သားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ အသက်အုပ်စုအလိုက် အဆင့်ဆင့်ထိုးနှံပေးခဲ့သည်။ စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ ၃၄ သန်းကျော်ရှိသော်လည်း ပြည်ပတွင် သွားရောက်နေထိုင်သူများ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့် တာဝန်ထမ်းဆောင်သူဦးရေမှာ ၂ ဒသမ ၄ သန်းကျော် ရှိသည့်အတွက် နိုင်ငံအတွင်း မြေပြင်၌ အမှန်တကယ် နေထိုင်လျက်ရှိသည့် အသက် ၁၈နှစ်နှင့်အထက် လူဦးရေ ၃၁ သန်းကျော်ကို ကာကွယ်ဆေးထိုးနှံနိုင်ရေး စီစဉ်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧပြီ ၃၀ ရက်အထိ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ ၂၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးဖြစ်ပါ၍ နိုင်ငံအတွင်း အမှန်တကယ် နေထိုင်သူ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ (၉၁ ဒသမ ၉) ရာခိုင်နှုန်းသည် ကာကွယ်ဆေးလွှမ်းခြုံမှု ရရှိပြီးဖြစ်သည်။

ယခုအခါ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးလျက်ရှိပြီး အသက် ၄၀ နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ဆက်လက်၍ ကာကွယ်ဆေးလွှမ်းခြုံမှု ယခုထက် ပိုမိုမြင့်မားစွာရရှိစေရေးအတွက် အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အသက်အုပ်စုများ ထပ်မံတိုးချဲ့၍ ကျယ်ပြန့်စွာဆောင်ရွက်ခြင်း၊ ဦးတည်အုပ်စုများအတွင်း ကာကွယ်ဆေးထိုးနှံမှုကို ကျေးလက်ဒေသအထိ ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော မိဘပြည်သူများကို အသက်အုပ်စုများ ထပ်မံတိုးချဲ့၍ ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း များကို ဆက်လက်တိုးချဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

# ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

> ❐ **ကော်မရှင်ကို တိုင်ကြားရမည့်ကိစ္စများကို စာတိုက်မှတိုင်ကြား၍ရနိုင်ကြောင်း၊ ကော်မရှင်သို့လည်း တိုင်ကြား၍ရနိုင်ကြောင်း၊ G.mail ဖြင့်လည်း တိုင်ကြား၍ရနိုင်သည်ကို သတင်းစာများတွင် ထည့်ပြီး ကြော်ငြာထားကြောင်း၊ ထိုနည်းလမ်းအတိုင်းသာဆောင်ရွက်ပါက ကော်မရှင်အနေဖြင့် ပေးပို့လာသည့် တိုင်ကြားစာများအပေါ်တွင် အရေးယူဆောင်ရွက်မှုရှိ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။**

*(ယမန်နေ့မှအဆက်)*

**Myanmar Public Press သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ ဒေါက်တာ ဦးစိုးမြင့်ဦးက** မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုသည် တော်တော်မြင့်တက်လာကြောင်း၊ ထိုအဂတိလိုက်စားမှု၏ နောက်ဆက်တွဲဆိုးကျိုးက နိုင်ငံတော်အပေါ်တွင် ကြည်ညိုမှုအားနည်းလာကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း ထိခိုက်လာကြောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုလည်း ပျက်သုဉ်းစေသည့်အထိ ဖြစ်နိုင်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး နိုင်ငံအတွင်း၌ဖြစ်နေသည့် တရားစီရင်ရေးနှင့် မြေယာပြဿနာ ဖြေရှင်းမှုများသည် ယခင်စနစ်အတိုင်းသာ သွားနေမည်ဆိုလျှင် ဒုံရင်းဒုံရင်းပင် ဖြစ်နေမည်ဖြစ်ကြောင်း၊ အဆင်ပြေမည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တိုင်းဒေသကြီးအစိုးရကို ပြန်ပြီးတင်ပြရန်ညွှန်ကြားလိုက်သည့်အခါ တိုင်းဒေသကြီးမှ ခရိုင်၊ ခရိုင်မှ မြို့နယ်၊ တစ်နည်းအားဖြင့်ပြောရလျှင် မြို့နယ်မှ အကျင့်ပျက်ဝန်ထမ်းများက လုပ်နေကြောင်း၊ ထိုအကျင့်ပျက်ဝန်ထမ်းများက ပြန်ပြီးတင်ပြသည့်အခါ လိမ်လည်လှည့်ဖြားနေကြောင်း၊ ယင်းစနစ်ကို မိမိတို့က အမျိုးသားအကျိုးစီးပွားအတွက် ရည်ရွယ်ပြီး ထိုအဂတိ လိုက်စားမှုတိုက်ဖျက်ရေးကို ချေဖျက်နိုင်ရေးအတွက် မဟာဗျူဟာချမှတ်ပြီး ဆောင်ရွက်နိုင်လျှင် အဆင်ပြေမည်ဟုထင်ကြောင်း၊ မိမိတို့ အရပ်ဘက်ပညာရှင်များ၊ ပုဂ္ဂိုလ်များကိုပါ ဖိတ်ကြားဆွေးနွေးပြီး မဟာဗျူဟာရေးဆွဲခြင်းကို ပြုလုပ်စေလိုကြောင်း။

သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် အချိန်ကာလနည်းသည့်အတွက် မဆောင်ရွက်နိုင်ဘူးဆိုလျှင် လတ်တလော ၎င်းစနစ်ကို ထိန်းကျောင်းပေးစေလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့ဆိုလျှင် တိုင်ကြားစာနှင့်ပတ်သက်ပြီး မတိုင်ကြားသည်မှာ ကြာသွားပြီဖြစ်ကြောင်း၊ တိုင်စာတင်ခြင်းကိုလည်း အားမပေးကြောင်း၊ တင်လိုက်လျှင် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရကို ပြန်လည်တင်ပြရန်ညွှန်ကြားကြောင်း၊ ညွှန်ကြားသည့်အခါ နောက်ဆုံးတွင် ဒုံရင်းဒုံရင်းနှင့်သာ စရိတ်များထပ်ပြီးကုန်ကြောင်း၊ တော်တော်ဆိုးဆိုးရွားရွား အခြေအနေများကိုလည်းတွေ့ရကြောင်း၊ ဥပမာ - ရခိုင်ပြည်နယ် အမ်းမြို့တွင် ယခင်လွှတ်လပ်ရေးမရခင်ကတည်းက နှစ်ပေါင်းရာချီပြီးနေခဲ့သည့် ချင်းတိုင်းရင်းသားရွာလေးရှိခဲ့ကြောင်း၊ ထိုရွာကို လုပ်ငန်းရှင်များက မျက်စိကျလာသည့်အတွက် ဖျက်သိမ်းခြင်းကိုခံရကြောင်း၊ ထိုသို့ဖျက်သည့်အခါ တရားရင်ဆိုင်ဆဲကာလတွင် တစ်စုံတစ်ယောက်က ဖိအားပေးပြီး ရဲကလာဖျက်ကြောင်း၊ မှတ်တမ်းဓာတ်ပုံရိုက်သည့်အခါ ဓာတ်ပုံများကို သိမ်းခြင်းခံရကြောင်း၊ ထိုဖြစ်စဉ်များကို မိမိတို့က ထပ်ပြီး မဖြစ်စေလိုကြောင်း၊ အိမ်များတင်မကဘဲ ကိုယ်ထူကိုယ်ထစာသင်ကျောင်းပါ အဖျက်ခံလိုက်ရကြောင်း၊ ယင်းကိစ္စများကို ပြန်လည်သုံးသပ်ပေးစေလိုကြောင်း၊ မိမိတို့ ဘေးပတ်ဝန်းကျင်ကလူပင် တော်တော်လေးခံစားနေရကြောင်း။

တရားစီရင်ရေးတွင်လည်း တော်တော်လေးအခြေအနေဆိုးနေကြောင်း၊ ရန်ကုန်တိုင်းမြို့နယ်တစ်ခုတွင် မြေရှင်တစ်ယောက်က ၎င်း၏မြေကို ပိုင်းပြီးရောင်းကြောင်း၊ ဝယ်သည့်သူကစရန်ပေးပြီး ကျန်သည့်ငွေကိုမပေးဘဲ စာချုပ်အပေါ်တွင် လက်ဗွေအတုဖြင့်လုပ်ပြီး ဂရန်ရအောင် ကြိုးစားလိုက်ကြောင်း၊ ထို့နောက် ရောင်းသည့်မြေရှင်ကို ပြန်ပြီးတရားစွဲကြောင်း၊ တစ်ဖက်ကခံရသည့် မြေပိုင်ရှင်ပုဂ္ဂိုလ်ကလည်း ထိုသူကိုပြန်ပြီး လက်မှတ်အတုပြုလုပ်သည့်အတွက် CID ထောက်ခံချက်နှင့် ပြန်ပြီးတရားစွဲကြောင်း၊ သို့သော် ဟိုဘက်က စွဲသည့်အမှုသာ တက်လာပြီး မြေယာရောင်းသည့်သူက ထောင်ကျနေကြောင်း၊ CID လက်မှတ်ရသော်လည်း ဒီဘက်ကပြန်စွဲထားသည့်အမှုက နှစ်နှစ်ကျော်ကြာကြောင်း၊ ရဲနှင့်ဥပဒေရုံး ဘော်လီဘောပုတ်နေကြကြောင်း၊ ယင်းကဲ့သို့ အကျည်းတန်ရုပ်ဆိုးနေသည့် ဖြစ်ရပ်များကို ရှောင်ရှားနိုင်အောင် လတ်တလောအနေအထားဖြင့် လုပ်မည်လား၊ ရေရှည်အတွက်မျှော်လင့်ပြီး မဟာဗျူဟာချမှတ်ပြီး လုပ်မည်လား၊ မည်သည့်နည်းလမ်းဖြင့်လုပ်မည်လဲ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ရခိုင်ပြည်နယ် အမ်းကိစ္စကို အထောက်အထားများပေးခဲ့၍ရကြောင်း၊ အဂတိတိုက်ဖျက်ရေးမှာ နိုင်ငံတိုင်းတွင် အလေးထားပြီးတိုက်ဖျက်နေသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ယင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံကိုထူထောင်လျှင် ပိုပြီးလိုအပ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပြည်သူများပူးပေါင်းဆောင်ရွက်နိုင်အောင် တချို့နေရာများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်း စာနှင့်တိုင်ကြားခြင်း၊ တိုင်ကြားသည့်နည်းလမ်းများ ဖွင့်လှစ်ပေးသည်များရှိကြောင်း၊ ထို့ထက်ပြည်သူများပူးပေါင်းပါဝင်လာနိုင်သည့် အခွင့်အရေးများကိုလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ဖြေကြားပေးရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦး**က ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗန်းရှင်းကို အတည်ပြုဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ဥပဒေကိုပြဋ္ဌာန်းပြီးသည်နှင့် ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းသွားအောင် မဟာဗျူဟာစီမံချက်များရေးဆွဲခဲ့ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ကာလတို လေးနှစ် စီမံကိန်းများကိုဆောင်ရွက်နေကြောင်း၊ ထိုအထဲမှ လုပ်ငန်းတာဝန်သုံးရပ်အနေဖြင့် အဂတိလိုက်စားမှုကို တားဆီးကာကွယ်မည်၊ အရေးယူဆောင်ရွက်မည်၊ အသိပညာပေးမည်ဆိုသည့် ကိစ္စရပ်များနှင့် လေးနှစ် တစ်ကြိမ် မဟာဗျူဟာစီမံချက်များကိုရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ၊ ၂၀၂၂ ခုနှစ်မှ စတင်ကာ ထပ်ပြီး လေးနှစ် တစ်ကြိမ် ဒုတိယအကြိမ် မဟာဗျူဟာစီမံချက်ကာလတို စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ထိုအထဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဆောင်ရွက်သည့်အပိုင်းနှင့် ကော်မရှင်တစ်ခုတည်းတင် မဟုတ်ဘဲ ပြည်သူလူထုကပါ ပူးပေါင်းဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့ကို အမြဲတမ်းဆောင်ရွက်နေသည့် အကြောင်းအရာများကို သတင်းစာများတွင်လည်းဖော်ပြကြောင်း၊ မိမိတို့ဌာန Facebook စာမျက်နှာများတွင်လည်း ဖော်ပြထားကြောင်း၊ ပြည်သူလူထုမှ ဝန်ကြီးဌာနအဖွဲ့အစည်းများကိုသွားပြီး ဝန်ဆောင်မှုရယူနေသည့်အချိန်တွင် ထိုသူတို့၏ဆောင်ရွက်ချက်များ၊ လိုအပ်ချက်များကို သွားပြီးတင်ပြသည့်အချိန် ကျေနပ်မှုရှိ/မရှိ ယခင်ကကမ္ဘာ့ဘဏ်များတွင် ပူးပေါင်းဆောင်ရွက်မှု၊ ယခုက Public People Programming ဆိုသည့်အပိုင်းဖြင့် ဆောင်ရွက်နေကြောင်း၊ ယင်းတို့ကိုဆောင်ရွက်သည့်အတွက် နောက်ပိုင်းတွင် အဂတိလိုက်စားမှုက လျော့နည်းလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အာရှဆိုင်ရာ ဖောင်ဒေးရှင်းက ဆောင်ရွက်သည့်ကိစ္စများတွင် မြန်မာနိုင်ငံတွင်ရှိသည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းမှုကို မိမိတို့၏ ဆောင်းပါးများ၊ Facebook စာမျက်နှာများတွင် တင်ပြထားပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးတိုင်းတာနိုင်၊ ဆောင်ရွက်နိုင်သည့်ကိစ္စမှာ အများကြီး လျော့နည်းကျဆင်းလာသော်လည်း တစ်ဦးတစ်ယောက်အနေဖြင့် အနည်းငယ်အခက်အခဲရှိနိုင်ကြောင်း။

ထို့ကြောင့် အခက်အခဲရှိနေသည်ဆိုလျှင် ကော်မရှင်ကို တိုင်ကြားရမည့်ကိစ္စများကို စာတိုက်မှတိုင်ကြား၍ရနိုင်ကြောင်း၊ ကော်မရှင်သို့လည်း တိုင်ကြား၍ရနိုင်ကြောင်း၊ G.mail ဖြင့်လည်း တိုင်ကြား၍ရနိုင်သည်ကို သတင်းစာများတွင် ထည့်ပြီးကြော်ငြာထားကြောင်း၊ ထိုနည်းလမ်းအတိုင်းသာဆောင်ရွက်ပါက ကော်မရှင်အနေဖြင့် ပေးပို့လာသည့် တိုင်ကြားစာများအပေါ်တွင် အရေးယူဆောင်ရွက်မှုရှိကြောင်း၊ မိမိတို့ဆောင်ရွက်ပေးနိုင်သည့် အတိုင်းအတာအပြင် အကြံပြုအကြောင်းပြန်စာများလည်းရှိကြောင်း၊ တချို့ကိစ္စများတွင် အနည်းငယ်ရှိသော်လည်း များသောအားဖြင့် ကော်မရှင်အနေဖြင့် အကြံပြုပြန်ကြားချက်၊ ဆောင်ရွက်ချက်များရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Myanmar Public Press သတင်းဌာနမှ အယ်ဒီတာ ဒေါက်တာ စိုးမြင့်ဦးက** တကယ်လက်တွေ့တွင် ကော်မရှင်ကို တိုင်လိုက်သည့် စာတော်တော်များသည် တိုင်းဒေသကြီးကို ရက် ၆၀ အတွင်း အကြောင်းပြန်ရန်ပို့လိုက်သည့်စာများ၊ အခြားဌာနများတရားရေးကတစ်ဆင့် အရေးယူရန်စသဖြင့် တကယ့်ကို ထိထိမိမိပိုင်ပိုင်နိုင်နိုင် တိုင်ကြားသည်ကိုပင် အရေးယူနိုင်မှုအားနည်းနေသည်ကို တွေ့ရကြောင်း၊ ထိုအရာကလည်း တချို့အခြေအနေများ ရှိကောင်းရှိလိမ့်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် အဂတိ တိုက်ဖျက်ရေးကော်မရှင်၏ ကျင့်ဝတ်ထဲတွင် အရပ်ဘက်အဖွဲ့ အစည်းများကို ဖိတ်ခေါ်ရန်၊ တန်းတူရည်တူဆက်ဆံရန်ပါဝင်သော်လည်း အဂတိတိုက်ဖျက်ရေးအဖွဲ့များကို တရားမဝင်သလို ထင်ယောင်ထင်မှားဖြစ်စေမည့် ကြော်ငြာချက်များ ထုတ်ဖူးကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့နှင့်သာ အကျုံးဝင်ကြောင်း၊ ရဟန်းဝိနည်းသည် ရဟန်းနှင့်သာဆိုင်ကြောင်း၊ သို့သော် အမြို့မြို့အနယ်နယ်၌ရှိသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးမဝင်ပါဟု ကြေညာကြောင်း၊ ထို့သို့ကြေညာခြင်းသည် ပြည်သူများအတွက် ထင်ယောင်ထင်မှားဖြစ်စေကြောင်း၊ ပြည်သူအများစုက ဥပဒေကို နားမလည်ကြကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကသာ ဆောင်ရွက်ခွင့်ရှိသောဥပဒေကိုဆိုလိုသည်ကိုမသိဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အကျုံးမဝင်ဘူးဆိုလျှင် ထိုအဖွဲ့များက လူလိမ်များ ဖြစ်နေသည်လား၊ လိမ်ညာ၍လုပ်နေသယောင်ဖြစ်စေကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း ကြိုဆိုသင့်ကြောင်း၊ ဥပဒေကိုသာသိကြပြီး Quate ကို မသိကြကြောင်း၊ မိမိတို့အနာဂတ်အတွက် ထိုအဂတိလိုက်စားမှုကို လျှော့ချနိုင်ရန် မည်သည့်နိုင်ငံမျှ မကင်းကြောင်း၊ မည်သည့်ပြစ်ဒဏ်ပေးပေး မကင်းကြောင်း၊ တရုတ်ပြည်တွင် သေဒဏ်ပေးသည်ကိုတောင် မကင်းကြကြောင်း၊ သို့သော် အဂတိမြင့်တက်လျှင် နိုင်ငံတိုးတက်မှု အလွန်အင်မတန်ဆုတ်ယုတ်ပြီး စိတ်ဓာတ်ပျက်ပြားသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အလေးထားဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယမေးခွန်းအနေဖြင့် မိမိတို့နိုင်ငံတော်က သဘောထားကြီးစွာဖြင့် ပြန်လွှတ်ပေးသည်များ များစွာရှိပါကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိမည့်ကိစ္စများအတွက် ကြိုဆိုပါကြောင်း၊ အနုပညာရှင်များလည်း လွှတ်ပေးထားကြောင်း၊ နိုင်ငံတော်ကို အကျိုးပြုနိုင်ရန်ရည်ရွယ်၍ လွှတ်ပေးထားသည်ဟုသိရကြောင်း၊ BPI စက်ရုံမှူး ဒေါက်တာ အောင်ဇော်ကို လွှတ်ပေးလိုက်ခြင်းသည် နိုင်ငံအတွက် တကယ်ကိုအကျိုးရှိကြောင်း၊ ကိုဗစ်ကာကွယ်ဆေးထုတ်ပေးသည့်အတွက် အလွန်အင်မတန်မှ ဝမ်းသာဂုဏ်ယူမိကြောင်း၊ အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်နှင့် ပတ်သက်၍ ကြားရသည့်သတင်းများက ထိုအချိန်ကာလတွင် အခြေအနေကြောင့် အရေးယူခံရသည့် အကြောင်းတရားများလည်းရှိသည်ဟု ကြားမိပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများကိုလည်း ခွင်ထဲဝင်အောင် ဖန်တီးပြီးအရေးယူမှုများရှိသည်ဟူ၍လည်း ကြားဖူးကြောင်း၊ နိုင်ငံတော်အတွက်ဖြေလျှော့မှုများ အားလုံးထဲမှ ဦးစိုးထွန်းရှိန်တို့ပါလာလျှင် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ၎င်းကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ဘဝလည်း ပိုမိုစိုပြည်လာမည်ဖြစ်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးမည့် အခြေအနေများရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** သတင်းထောက်ကြီးပြောသည့် အကြောင်းအရာကို

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မှတ်သားထားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

**နေပြည်တော် အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်က** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကမ်းလှမ်းချက်အရ ငြိမ်းချမ်းရေးဖော်ဆောင်မှု NCA လမ်းကြောင်းအပေါ် EAOs အဖွဲ့အစည်းများထဲက တက်ရောက်မည့်အဖွဲ့များရှိသည်ဟု ကြားသိရပါကြောင်း၊ NCA လမ်းကြောင်းအပေါ် ယုံကြည်မှုနည်းပြီး ဝေဖန်မှုများလည်းရှိကာ မတက်ရောက်မည့် အဖွဲ့အစည်းများလည်း ရှိသည်ဟု ကြားသိရပါကြောင်း၊ မိမိသိလိုသည်မှာ NCA လမ်းကြောင်းအပေါ် တက်မလာသည့် EAOs အဖွဲ့အစည်းများကို ဆက်လက်ပြီး မည်သို့ဆောင်ရွက်မည်ကို သိလိုပါကြောင်း၊ NCA လမ်းကြောင်းအပေါ် တက်ရောက်လာသည့် EAOs အဖွဲ့အစည်းများကို မည်မျှအထိ လိုက်လျောမှု၊ ဖြေလျှော့မှုများ၊ ညှိနှိုင်းမှုများဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ယင်းကိစ္စနှင့်ပတ်သက်၍ မည်သည့်ကန့်သတ်ချက်မျှမထားဘဲဆွေးနွေးမည်ဟု ပြောပြီးဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်မျိုးသည် မရှိသလောက်ရှားပါးကြောင်း၊ ယခုလောက်ဆို မိမိတို့ပြောထားသည်မှာ ပြည့်စုံလုံလောက်ပြီဖြစ်ကြောင်း၊ တွေ့ဆုံသည့်နေရာတွင်လည်း ဆုံးဖြတ်ပေးနိုင်မည့်လူအချင်းချင်း တွေ့ဆုံခြင်းသာဖြစ်ကြောင်း၊ ယခုထက်မြင့်မားသော ကြီးမားသည့်ဆွေးနွေးမှုရှိနိုင်မည်မဟုတ်ကြောင်း၊ အဆုံးအဖြတ်ပေးနိုင်သူအချင်းချင်း တွေ့ဆုံသည့်နေရာတွင် ကြိုတင်ကန့်သတ်ချက်မရှိဘဲ ဆွေးနွေးနိုင်ရေးဆိုသည့်အချက် ပါပြီးဖြစ်သည့်အတွက် ပြည့်စုံလုံလောက်ပြီဟု ပြောလိုကြောင်း၊ NCA လက်မှတ်ရေးထိုးသည့်သူများ၊ NCA လမ်းကြောင်းနှင့်ပတ်သက်ပြီး သွေဖည်သူများ စသည်တို့မှာ အမျိုးစုံပြောနေခြင်းဖြစ်ကြောင်း၊ NCA နှင့်ပတ်သက်ပြီး လိုသည့်သူများရှိသလို မလိုသည့်သူများလည်းရှိကြောင်း၊ လက်မှတ်ရေးထိုးခါနီးတွင် စဉ်းစားပြီး လက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံအတွင်းရှိ နာမည်ကြီးပုဂ္ဂိုလ်များ ပင်လျှင် ပြောခဲ့ခြင်းဖြစ်ကြောင်း၊ သူ့ယူဆချက်နှင့်သူရှိကြောင်း၊ မိမိတို့အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ငြိမ်းချမ်းရေးကိုသွားမည်ဆိုပါက စည်းစနစ်တကျနှင့်သွားခြင်းက ပို၍တန်ဖိုးရှိကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို သွားမည်ဆိုလျှင် အားလုံးအသိအမှတ်ပြုထားသည့် မူဘောင်ထဲက သွားခြင်းသည်သာ ပိုပြီးအသင့်လျော်ဆုံးဖြစ်သည်ဟု ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်း အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်က** မြန်မာနိုင်ငံကထုတ်လုပ်သည့် Myancopharm ကိုဗစ်ကာကွယ်ဆေးနှင့်ပတ်သက်၍ ဧပြီလထဲတွင် ကျန်းမာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးရန် ကြားသိရကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအား လွှဲပြောင်းပေးပြီးပြီလား၊ စတင်အသုံးပြုနေပြီလား မည်မျှအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမည်ဆိုသည်ကို ပြည်သူလူထုသိအောင် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ကာကွယ်ဆေး ၁ သန်းကို ၂၀၂၂ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာနကို လွှဲမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** ဗိုလ်ချုပ်ပြသွားသည့် ဇယားထဲတွင်လည်းပါကြောင်း၊ မိမိတို့အနေဖြင့် ကာကွယ်ဆေးထိုးပြီးသည်မှာ သန်း ၅၀ ကျော်၊ ၆၀ နီးပါးခန့်ရှိကြောင်း၊ မိမိတို့လက်ထဲတွင်လည်း လက်ကျန်ဆေး ၁၀ သန်းခန့်ရှိသောကြောင့် Myancopharm ကိုလည်း ကိုဗစ်ကာကွယ်ဆေးစာရင်းထဲတွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းအရ စောစော Expired ဖြစ်စေမည့်ဆေးကို အရင်ထိုးကြောင်း၊ ထိုးပြီးလျှင် ကျန်ဆေးများကို အစဉ်လိုက်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**တဲ့ပြောအွန်လိုင်းသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်က** ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် NLD ပါတီကမှတ်ပုံတင်ပြီး ညောင်နှစ်ပင်၌ ညီလာခံလုပ်သည့်အချိန် မိမိအနီးကပ်ရှိပါကြောင်း၊ ညောင်နှစ်ပင်ညီလာခံတွင် ၎င်းတို့ သပိတ်မှောက်သွားကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် အစိုးရက လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖြစ်အောင် ကြိုးစားခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကျင်းပပေးခဲ့ကြောင်း၊ ထပ်မံပြီး သပိတ်မှောက်သည်ဟု NLD ကဆိုကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲမဝင်ခဲ့ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်သည့်အတွက် သပိတ်မှောက်သည်ဟုပြောပြီး ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ ဝင်လာကြောင်း၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲထပ်လုပ်ကြောင်း၊ ရွေးကောက်ပွဲတွင် မသမာမှုဖြစ်သည့်အတွက် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြောင်း၊ နိုင်ငံရေးကိစ္စကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မဖြေရှင်းသည့်အတွက် ယခုလိုကိစ္စမျိုးပေါ်လာခြင်းဖြစ်ကြောင်း၊ သတင်းများအားလုံးကိုစုထားသည့် သတင်းဌာနများ၏ သတင်းထောက်များကပိုသိကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးနည်းနှင့် မဖြေရှင်းသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကြေညာထားကြောင်း၊ လဝကအနေဖြင့်လည်း ပန်းခင်းစီမံချက်ဖြင့် ဝန်ထမ်းများ မနေမနားလုပ်နေရကြောင်း၊ ၎င်းတို့အနေဖြင့် စနေ၊ တနင်္ဂနွေနေ့တောင် မနားရကြောင်း၊ မိမိတို့က လိုက်ကြည့်နေသည့်အတွက်သိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ကရင်ပြည်နယ်တွင်ဖြစ်ခဲ့သည့် သာဓကတစ်ခုရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် တိုက်ပွဲဆင်နွှဲခဲ့ပြီး မဲပုံးများအတင်းဝင်လုကြကြောင်း၊ လက်ရှိ NLD ပါတီက ပေါက်ဖွားလာသည့် NUG သည် မည်သည့်နိုင်ငံတွင် ရုံးတည်ထားသည်ကို မိမိတို့မသိကြောင်း၊ မည်သည့်နေရာတွင် ရုံးတည်ထားသည်ကိုပြလျှင် မိမိကိုယ်တိုင် သွားကြည့်မည်ဖြစ်ကြောင်း၊ အလုံးစုံပျက်သုဉ်းရေးသည် မိမိတို့နိုင်ငံအတွက် အလားအလာမကောင်းကြောင်း၊ ၂၀၁၀ ခုနှစ်လို သာဓကမျိုး NUG များက အလုံးစုံပျက်စီးအောင်လုပ်ခဲ့လျှင် ၎င်းတို့ပင် သပိတ်မှောက်ပြီး ၎င်းတို့ကပဲ ရွေးကောက်ပွဲလုပ်ကြောင်း၊ ယင်းလိုမျိုးထပ်လုပ်မည်ဟု မပြောနိုင်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကိုပျက်စီးအောင် လုပ်ခဲ့မည်ဆိုလျှင် ဗိုလ်ချုပ်တို့အနေဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် လက်ရှိအစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ရန်ရှိမည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ကြောင်း၊ လွှမ်းမိုးမှုဟုဆိုရာတွင်လက်နက်ကိုင်ပဋိပက္ခများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများ၊ မတရားလွှမ်းမိုးမှုများရှိကြောင်း၊ နိုင်ငံရေးပါတီများက ရွေးကောက်ပွဲတွင် လူထုကိုစည်းရုံးရသည်ဖြစ်ကြောင်း၊ တရားသောနည်းဖြင့် လွှမ်းမိုးမှုက ဟောပြောကြကြောင်း၊ လိုက်လံစည်းရုံးကြကြောင်း၊ မတရားလွှမ်းမိုးမှုသည် အကြောက်တရားလူအုပ်ဖြင့် လုပ်ဆောင်ကြကြောင်း၊ ယင်းကိစ္စများမရှိမှသာ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒများကို အမှန်အတိုင်းဖော်ထုတ်နိုင်သည့် လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းလုံး၌ ပျံ့ပျံ့နှံ့နှံ့ အကြားအလပ်မရှိဆောင်ရွက်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ကြိုးစားဆောင်ရွက်နိုင်အောင် ခြိမ်းခြောက်မှုများမရှိဘဲ ၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်ပြီး မိမိတို့ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖိတ်ခေါ်ပြီးဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးတွင် မိမိတို့သည် မည်သည့်အဖွဲ့နှင့် မဆွေးနွေးနိုင်ဘူးဆိုပြီးပါဝင်ကြောင်း၊ မည်သည့်အဖွဲ့နှင့် မဆွေးနွေးနိုင်ဘူးဆိုလျှင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို မည်သို့လုပ်မည်လဲဆိုသည်ကို အဖြေထဲတွင် ပါဝင်ပြီးဖြစ်ကြောင်း၊ ထိုအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **တဲ့ပြောအွန်လိုင်းသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်** က ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ်တော်တော်များများကို အရေးယူထားကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ချိပ်ပိတ်ထားသည့်အိမ်များ၊ အဆောက်အအုံများ၊ ပစ္စည်းများရှိကြောင်း၊ ၎င်းတို့ကို လက်ရှိအစိုးရအနေဖြင့် မည်သည့်ဌာနတွင် မှတ်ပုံတင်ပြီး အသေးစိတ်ကို မည်သို့သိမ်းဆည်းထားပါသလဲ၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၅ ခုနှစ်တွင် ကြက်ဆူစိုက်ခင်းဆိုပြီး ကရင်ပြည်နယ် မြဝတီမြို့တွင် မြေ ၂၅ ဧကပေးခဲ့ကြောင်း၊ ယင်းကို (စ)သုံးလုံးက မြေကိုသိမ်းသလိုလို၊ ထွေအုပ်ကသိမ်းသလိုဖြစ်ကြောင်း၊ NLD အစိုးရတက်လာသည့်အခါ ပြည်ပြေးဖြစ်နေသည့် မန်းဝင်းခိုင်သန်းနှင့် ပူးပေါင်းပြီး ၎င်းတို့ကို မြေအကွက်ရိုက်ကြကြောင်း၊ ယင်းသို့လုပ်ဆောင်သည့်အတွက် နိုင်ငံအတွက်နစ်နာကြောင်း၊ ထိုသို့ဖြစ်မှာကြောက်သည့်အတွက် မည်သည့်ဌာနကသိမ်းထားသည်လဲဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ယင်းမြေများကို အစိုးရအနေဖြင့် သိမ်းခြင်းဖြစ်ကြောင်း၊ တရားရုံး လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး လေလံတင်ခြင်း၊ ထုခွဲခြင်း စသည့်လုပ်ငန်းစဉ်များရှိကြောင်း၊ အသေးစိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦး**က ပြဋ္ဌာန်းဥပဒေနှင့်အညီ ပေးပို့လာသည့်တိုင်ကြားစာများကို အခန်း ၃ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ တာဝန်နှင့် အလုပ်အပိုဒ်ခွဲများနှင့်အညီ အဂတိလိုက်စားမှုကျူးလွန်သူများကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာသည့် သတင်းထောက်ကြီးများသိပြီးဖြစ်ကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှုကျူးလွန်သည့်အတွက်ကြောင့် ရရှိလာသည့် ငွေကြေးပစ္စည်းများကို မိမိတို့ဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့်ပတ်သက်ပြီး သိမ်းဆည်းသည့် အဆောက်အဦများကို သက်သေခံပစ္စည်းအဖြစ် တရားရုံးသို့တင်ပြကြောင်း၊ တရားရုံးမှ တင်ပြထားသည့်အတိုင်း ၂၀၂၀ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြေညာစာအမှတ် ၈၆/ ၂၀၂၀ နှင့်အညီဖွဲ့စည်းထားသည့် သက်သေခံပစ္စည်း ထိန်းသိမ်းထားရေးကော်မတီရှိကြောင်း၊ ထိုအဖွဲ့ထံသို့ သက်သေခံပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီအပ်ပါကြောင်း၊ သက်သေခံပစ္စည်းထိန်းသိမ်းရေးကော်မတီမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည်ဟု တရားရုံးမှ အမိန့်ချသည်နှင့် ဆက်လက်ပြီးလုပ်ဆောင်ကြောင်း၊ ယင်းက ၈၆/ ၂၀၂၀ ၏ ဖွဲ့စည်းထားသည့်အမိန့်ဖြစ်ကြောင်း၊ ၎င်းတို့တွင် သက်ဆိုင်ရာဗဟိုကော်မတီရှိကြောင်း၊ ခရိုင်တွင် ဖွဲ့စည်းထားသည့် ကော်မတီများရှိကြောင်း၊ မြို့နယ်တွင်ဖွဲ့စည်းထားသည့် ကော်မတီများရှိကြောင်း၊ ထိုအဖွဲ့အစည်းများကသာ သက်ဆိုင်ရာ ပေးအပ်ထားသည့် ပုဂ္ဂိုလ်များမှစီမံဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **တဲ့ပြောအွန်လိုင်းသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်**က လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း၌ ရုံးအမှတ်များရှိကြောင်း၊ အကူအညီတောင်းမည်ဆိုလျှင် ရုံးအမှတ်နှင့်တိုင်နိုင်ကြောင်း၊ ယခုNLD မှ ပေါက်ဖွားလာသည့် NUG အစိုးရ၏ ရုံးအမှတ်ကို

*စာမျက်နှာ ၁၈ သို့*




၂၀၂၂ ခုနှစ် မတ်လ ၂၃ ရက်က Myancopharm ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်းအခမ်းအနား၌ ပြည်ထောင်စု ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၁၇ မှ*

မိမိရှာသော်လည်း မတွေ့ကြောင်း၊ မည်သည့်နိုင်ငံမဆို မိမိသွား၍ တွေ့ချင်ကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ အကုန်လုံး၏ အသေးစိတ်စာရင်းကို ၎င်းတို့က အကျင့်ပျက်စာရင်း ကြေညာကြောင်း၊ ထုတ်ပယ်ကြောင်း၊ မိမိတို့လက်ရှိ နိုင်ငံတော် အုပ်ချုပ်ရေးကောင်စီအစိုးရမှ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ရန် လက်ရှိကျွမ်းကျင်ဝန်ထမ်းများကို အသက် ၆၂ နှစ်အထိ ဥပဒေ၊ နည်းဥပဒေများအနေနှင့် ဆက်လက်ထမ်းဆောင်ခွင့်ပြုကြောင်း၊ တချို့ကိုလည်း နိုင်ငံတော်၏ လိုလားချက်အရ ၎င်းတို့၏ သဘောဆန္ဒကို ပြုကြကြောင်း၊ များသောအားဖြင့် မိမိတို့ စောင့်ကြည့်သည့်အခါ တော်တော်များများက သဘောဆန္ဒပြုပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ကြကြောင်း။

ယခု PDF ဟု ခေါ်ကြသည့်သူများသည် အနန္တောအနန္တဂိုဏ်းဝင် သံဃာတော်များကိုသတ်ကြောင်း၊ မိမိတို့ကို စာသင်ပေးသည့် အနန္တောအနန္တဂိုဏ်းဝင်ဆရာများကိုလည်း သတ်ကြောင်း၊ လက်မခံနိုင်သည့် အနေအထားကိုရောက်လာကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် ရှေ့တွင်အလုပ်လုပ်နေပြီး နောက်မှာကျောမလုံဘူးဆိုပြီး ဝန်ထမ်းတော်တော်များများ မိမိတို့ကိုပြောလာကြောင်း၊ ထို့ကြောင့် ဦးစီးအရာရှိ၊ ဒုဦးစီးအရာရှိရာထူးများကို သေနတ်ထုတ်ပေးထားရန် အစီအစဉ်ရှိမည်လား၊ ထို့နည်းအတူ နိုင်ငံတာဝန်ကို အခက်အခဲကြားမှာ အသက်စွန့်ပြီး ထမ်းဆောင်ရသည့် ဝန်ထမ်းများအတွက် ယခုရောက်နေသည့် မိမိတာဝန်ကျနေသည့်နေရာ၌ သက်ပြည့်တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းများ၊ လုပ်သက် ၂၅ နှစ်၊ ၃၀ နှစ် ဝန်ထမ်းများကို လစာမတိုးပေးနိုင်သော်လည်း ၎င်းတို့ထွက်လျှင် အနားယူရန်အတွက် မြေနေရာများပေးရန် အခွင့်အရေးတစ်ခုအဖြစ် စဉ်းစားဆုံးဖြတ်ထားခြင်းများရှိပါသလား သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့ ယခုလုပ်ပေးနေသည်မှာ ယမန်နေ့က ပညာရေးဝန်ကြီးဌာနမှ အစည်းအဝေးလုပ်ကြောင်း၊ ပညာရေးဝန်ထမ်းများကို ထောက်ပံ့ပေးရန် အစည်းအဝေးလုပ်ခဲ့ကြောင်း၊ တခြားဝန်ထမ်းများမှာလည်း ဝန်ကြီးဌာနအလိုက် ထိုသို့ အစီအစဉ်များရှိလိမ့်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မိမိပြောခဲ့သလို ဝန်ထမ်းများနှင့်ပတ်သက်၍ သက်ပြည့်တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ လုပ်သက်အပြည့် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ အငြိမ်းစားယူသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့် ပတ်သက်၍ အစိုးရအဆက်ဆက် ချီးမြှင့်ခြင်းများရှိကြောင်း၊ ထိုသို့ချီးမြှင့်ခြင်းများသည် ၎င်းတို့၏ နေထိုင်နိုင်ရေး အဆင်ပြေနိုင်အောင် လုပ်ဆောင်ပေးသည်များ ရှိကြောင်း၊ မိမိတို့ လက်ထက်ရှိဝန်ထမ်းများနှင့်ပတ်သက်၍ ယင်းအစီအစဉ်မျိုးများ အစိုးရတွင်ရှိသည်ဟု ပြောလိုကြောင်း၊ ဝန်ထမ်းများ၏ လုံခြုံရေးနှင့်ပတ်သက်၍ သတင်းထောက်ကြီးပြောသကဲ့သို့ လက်နက်ထုတ်ပေးနိုင်ခြင်း၊ မထုတ်ပေးနိုင်ခြင်းသည် မိမိတို့အနေဖြင့် ဖွဲ့စည်းသည့်အခါ ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဟု မိမိပြောခဲ့ခြင်း ရှိကြောင်း၊ ယင်းနှင့် ပတ်သက်၍ အကျုံးဝင်သောအကြောင်းအရာများ ရှိနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယခုလောလောဆယ် အကျုံးဝင်သည်မှာ ပြည်သူ့စစ်ဖြစ်ကြောင်း၊ ပြည်သူ့စစ်နှင့်ပတ်သက်၍ မိမိတို့အားစိုက်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုံခြုံမှုရှိရန်လည်း ပိုမိုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ဝန်ထမ်းများ ခြိမ်းခြောက်ခံရခြင်းနှင့်ပတ်သက်၍ မိမိတို့သတင်းကြားနေရခြင်းများလည်းရှိကြောင်း၊ ဖရဲသီးဟုခေါ်သည့် တချို့ဝန်ထမ်းများသည် ဌာနထဲနေပြီး တခြားဝန်ထမ်းများကို စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်းများလုပ်နေသည်ကို သိရကြောင်း၊ မိမိတို့ထံနှင့် သက်ဆိုင်ရာဌာနများကို တိုင်ကြားမှုများ၊ သက်သေအထောက်အထားများနှင့် ရောက်နေသည်များလည်းရှိကြောင်း၊ ယင်းနှင့် ပတ်သက်၍ မိမိပြောလိုသည်မှာ ဝန်ထမ်းများအနေဖြင့် အခြေခံကိစ္စသည် လွတ်လပ်စွာမဲပေးပိုင်ခွင့်ရပြီးဖြစ်ကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟု ပါပြီးဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို မည်သူ့ကို ထောက်ခံပါ၊ မည်သူ့ကို မထောက်ခံပါနှင့်ဟု မိမိတို့ ပြောခွင့်လည်းမရှိကြောင်း၊ လူတစ်ယောက်၏ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား၊ မိမိဝန်ကြီးဌာန၏ အုပ်ချုပ်ရေးယန္တရားကို ပျက်ပြားအောင် နှောင့်ယှက်နေလျှင် ထိုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း၊ ထိုဝန်ထမ်းများကြောင့် စိတ်ပျက်နေရသည့် ဝန်ထမ်းများလည်းရှိကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရလျှင် နေပြည်တော်အသိုင်းအဝိုင်းတွင်ပင်ရှိကြောင်း၊ တချို့ဝန်ကြီးဌာနများတွင်ရှိကြောင်း၊ ယင်းနှင့်ပတ်သက်၍ ဆင်ခြင်ကြရန် မိမိပြောလိုကြောင်း၊ ထိုအရာများသည် ကောင်းမွန်သည့် အကျင့်စရိုက်များ မဟုတ်ကြောင်း။

မည်သည့်အစိုးရတက်တက်၊ မည်သည့်ပါတီ တက်တက် ဝန်ထမ်းများသည် ဝန်ထမ်းသာဖြစ်ကြောင်း၊ မိမိတို့သည်လည်း စစ်သားသာဖြစ်ကြောင်း၊ တပ်မတော်နှင့်ပတ်သက်၍ Professional တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ အခြေခံဥပဒေအရ တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ရမည်ဆို၍ ယခုတာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနိုင်ငံတော်တာဝန်ယူနေရသည့်အတွက် နိုင်ငံတော်တာဝန်များကို မိမိတို့ တစ်ဖက်တစ်လမ်းက ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Professional ပီသစေလိုကြောင်း၊ မိမိပြောခဲ့သလို ထိုသို့သော ဝန်ထမ်းများ ပါနေခြင်းကြောင့် တချို့ပြဿနာများရှိနေခြင်းဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ အတိုချုံးပြောရလျှင် နံပါတ် (၁)အနေဖြင့် ဝန်ထမ်းများသည် ဝန်ထမ်းအတိုင်းပီသခြင်းသည် ကောင်းပါကြောင်း၊ Professional ပီသစေလိုကြောင်း၊ နံပါတ် (၂) အနေဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် အသိအမှတ်ပြုရန်၊ ချီးမြှောက်ပေးရန်လုပ်နေသည်များရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း သင့်တော်သည့်အချိန်များတွင် ဆောင်ရွက်ပေးမည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောအွန်လိုင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်**က ဗိုလ်ချုပ်ပြောခဲ့သည့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်နေသည်ကို မိမိလက်ခံပါကြောင်း၊ ယခုမိမိတို့ ကရင်ပြည်နယ်မှာဆိုလျှင် နိုင်ငံခြားသားများပါသည့် အဖွဲ့အစည်းများကို မိမိတွင် အထောက်အထားအဖြစ် ဗီဒီယိုဖိုင်လည်းရှိကြောင်း၊ ၎င်းတို့ကို ယခုလိုပဲ ညင်သာစွာဖြင့် ကိုင်တွယ်နေမည်ဆိုလျှင် မိမိတို့နိုင်ငံသည် ပျက်သုဉ်းရန်သေချာနေပြီဖြစ်ကြောင်း၊ ယင်းကို လက်ရှိအစိုးရအနေဖြင့် ပြတ်ပြတ်သားသား မည်သို့ဆုံးဖြတ်မည်ကို သိလိုကြောင်းနှင့် ယခု မိမိတို့ကရင်ပြည်နယ်၌ ရှေ့ရက်ပိုင်းက PDF၊ KNDO နှင့် DKBA မှ ဗိုလ်စလုံးအဖွဲ့ပေါင်းခဲ့ပါကြောင်း၊ အင်အားက တန်းစီထားသည်မှာ ၅ ယောက်တန်း ၂၀ တန်းနှင့် အယောက် ၁၀၀ သာရှိပြီး ခေတ်သစ်မီဒီယာမှ ဖော်ပြခဲ့သည်မှာ အင်အား ၂၀၀ ကျော်ပြခဲ့ကြောင်း၊ မိမိတွင် ဗီဒီယိုရှိပါကြောင်း၊ ထိုအထဲတွင် နိုင်ငံခြားသားများကို မိမိတွေ့ရကြောင်း၊ အမျိုးသမီး ခြောက်ယောက်တွေ့ရကြောင်း၊ နိုင်ငံခြားသား တော်တော်များများသည် ထိုနေရာတွင် စစ်သင်တန်းလာပေးနေသည်ကို မှတ်တမ်းများရှိကြောင်း၊ မိမိတို့ပြည်တွင်းရေးတွင် ယခုကဲ့သို့ နိုင်ငံခြားသားများပါဝင်လာခြင်းကို လက်ရှိ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုယ့်နိုင်ငံသားအချင်းချင်းဆိုပြီး ငြိမ်းချမ်းရေးနှစ်ဟုဆို၍ လက်ကိုင်စွဲပြီး ရင်ဝယ်သားကဲ့သို့ လုပ်နေသည့်အပေါ်တွင် ထိုသို့ နိုင်ငံခြားသားများလုပ်နေသည်ကို မိမိသည် မြန်မာနိုင်ငံသား တစ်ယောက်အနေဖြင့် လက်မခံနိုင်ကြောင်း၊ ထို့ကြောင့် ပြတ်ပြတ်သားသားမည်သို့လုပ်မည်လဲ၊ ယခုကဲ့သို့ ညင်ညင်သာသာလေးကိုင်နေမည်ဆိုလျှင် ပို၍ဆိုးရွားလာမည်ဖြစ်ကြောင်း၊ သူခိုးလွန်လျှင် ဓားပြဖြစ်လာမည်၊ ဓားပြလွန်လျှင် သူပုန်ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်၌ မည်သို့ပြတ်ပြတ်သားသားကိုင်တွယ်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးဖိတ်ခေါ်ထားသည့် အဖွဲ့များရှိကြောင်း၊ ငြိမ်းချမ်းရေးဖိတ်ခေါ်ထားသည့်အဖွဲ့များအထဲတွင် မပါသည်ကို သတင်းထောက်ကြီးတွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆိုလျှင် မိမိတို့ မည်သို့ဆက်လုပ်မည်ဆိုသည်ကို သတင်းထောက်ကြီး သိပြီးလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Trend မီဒီယာမှ အယ်ဒီတာချုပ် ကိုဝဏ္ဏ**က နိုင်ငံသားအဖြစ်က ပယ်ဖျက်ထားသည့် ပန်ဆယ်လိုနှင့် ပန်ဆယ်လိုကဲ့သို့ အိမ်များကို ချိပ်ပိတ်ခံထားရသူများရှိကြောင်း၊ ထိုကဲ့သို့ အိမ်များကိုချိပ်ပိတ်ခံထားရသူများသည် နိုင်ငံအတွင်းကိုပြန်လာရန်ဆိုသည်မှာ မည်သို့မှုမဖြစ်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် ထိုအိမ်များကို ဘဏ္ဍာငွေရရှိရန် လေလံပစ်မည့်အစီအစဉ်ရှိမရှိ၊ ရှိလျှင်လည်း မည်သည့်အချိန်တွင်ပြုလုပ်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပြောပြီးဖြစ်ကြောင်း၊ တရားရုံး၏ လုပ်ထုံးလုပ်နည်းများရှိကြောင်း၊ လုပ်ထုံးလုပ်နည်းများပြီးလျှင် နိုင်ငံတော်ဘဏ္ဍာအဖြစ် မိမိတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာအဖြစ် ထုခွဲရောင်းချခြင်းများ၊ နိုင်ငံတော်ဘဏ္ဍာအဖြစ် လေလံတင်ခြင်းများ မိမိတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မည်သည့်အတိုင်းအတာနှင့် မည်မျှလောက်ကြာမည်ကို မိမိတို့မှန်းရခက်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိပြောခဲ့သည့် တရားရုံးကိုသက်သေအဖြစ်တင်ခြင်းများ၊ သိမ်းဆည်းခြင်းများ၊ ၅၀၅ နှင့်သိမ်းဆည်းထားခြင်းများ၊ အကြွမ်းဖက်မှုနှင့် သိမ်းဆည်းထားသည်များပါမည်ဖြစ်ကြောင်း၊ အချိန်ကာလချင်း တူနိုင်မည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံမှ အယ်ဒီတာ ဦးမင်းဂေါင်**က ဗိုလ်ချုပ် သတင်းစာရှင်းလင်းပွဲ စတင်စဉ်က မီဒီယာများကို မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ တင်ပြလိုကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် မရေးမရှုဘဲ ငါ့ပါတီ၊ ငါ့အဖွဲ့၊ ငါ့ပုဂ္ဂိုလ် ငါ့အကျိုးအတွက်ဟုဆိုပြီး ဆောင်ရွက်၍သာ ယခုကဲ့သို့ဖြစ်နေသည်ဟု မိမိတို့အဖွဲ့အနေဖြင့် ရှုမြင်ကြောင်း ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံ၌တောင်သူလယ်သမားများ အကျိုးမြှင့်တင်ရန်နှင့် တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်ရန်ဆိုရာတွင် ယင်းဥပဒေက တောင်သူလယ်သမားများ၏နစ်နာမှုနှင့် အကျိုးစီးပွားအတွက် မိမိတင်ပြလိုသည့် All round အနေဖြင့် တစ်ဆက်တည်း မေးမြန်းလိုကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် တောင်သူလယ်သမားများ၏ မူလပိုင်ရှင်အခွင့်အရေးနှင့် တောင်သူများကို တရားစွဲဆိုရန်ဆိုလျှင် လယ်ယာမြေစီမံခန့်ခွဲမှု နည်းလမ်းနှင့် မသက်ဆိုင်သောအမှုမှလွဲပြီး ကျန်သည့်အမှုများကို တရားရုံးများတွင် တရားစွဲဆိုခွင့်မရှိကြောင်း၊ သို့သော် ယင်းကိစ္စများနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးရွာတစ်ရွာရှိ ကုမ္ပဏီတစ်ခုက တောင်သူဦးကြီးများ မူလလုပ်ပိုင်ခွင့်မှ ကျော်လွန်ပြီး ၎င်းတို့ သတ်မှတ်သည့် ငါးကန်များကို ဧကထောင်ချီတူးဖော်သည့်အပြင် မွေးရေမှုချပေးသည့် ဧက ၂၀၀ ကျော်သာရှိသည်ကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သည့် မူလပိုင်ရှင် တောင်သူဦးကြီး ဦးစောမိုင်းနှင့် ဦးအေးမြင့်တို့ ဦးဆောင်သည့် တောင်သူအဖွဲ့ ၆၀ ဦးအပေါ်တွင် တရားရုံးများကလည်း တရားစွဲခွင့် လုပ်ပိုင်ခွင့်ကို မည်သို့ရလာသည်ကို သေချာစိစစ်ခြင်းမရှိဘဲ တရားစွဲမှုလက်ခံပြီး ကိုဗစ်ကာလ စီးပွားရေးကျပ်တည်းနေသည့်ကာလတွင် တောင်သူဦးကြီးများခံနေရသည်ရှိကြောင်း။

လယ်ယာမြေဥပဒေတွင် အမွေမှုမှလွဲပြီး မူလပိုင်ရှင်နှင့် ဆက်စပ်သည့် အခွင့်အရေးပေးထားသကဲ့သို့ တောင်သူများကိုနစ်နာအောင် တောင်သူခေါင်းဆောင်များအပါအဝင် တောင်သူအများစုကို ရည်ရွယ်ချက်ရှိရှိဖြင့် တရားစွဲဆိုနေသည်များကို သက်ဆိုင်ရာ ဥပဒေပါအတိုင်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသာ စနစ်တကျစိစစ်ပြီး စစ်ဆေးပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် တရားရုံးများတွင်လည်း တောင်သူများကို တရားစွဲနေသည့်အမှုများကို သက်ဆိုင်ရာအဖွဲ့များက လယ်ယာမြေဥပဒေစည်းကမ်း ညွှန်ကြားချက်အတိုင်း သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိသိလိုကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် တင်ပြထားပြီးကြောင်း၊ ကိုဗစ်ကာလတွင် တောင်သူများ အခက်အခဲအကျပ်အတည်း စီးပွားရေးပျက်ကပ်အနေအထားတွင် ဌာနဆိုင်ရာများမှ နိုင်ငံတော်အကျိုးဟုဆိုကာ သိမ်းထားပြီးဆောင်ရွက်နေသော်လည်း မြေပြင်အခြေအနေတွင် တကယ်စိုက်ပျိုးထားခြင်းမရှိကြောင်း၊ ယခုကဲ့သို့ စီးပွားပျက်ကာလတွင် တောင်သူများ၏ မိသားစုစီးပွားရေးသာမက နိုင်ငံ၏ ကုန်ထုတ်စီးပွားပါ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် မေးမြန်းခြင်းဖြစ်ကြောင်း မေးမြန်းသည်။

ယင်းကိစ္စကို **ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီးမေးခဲ့သည့်အချက်အလက်များအတိုင်း ဆက်လက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးများကို အသိပေးမည်၊ သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးပေးမည်ဖြစ်ကြောင်း၊ အချိန်ကို ငဲ့ကွက်သောအားဖြင့် တချို့မေးခွန်းများကို အသေးစိတ်ဖြေစေလိုလျှင် ကြိုတင်မေးခွန်းပေးရန်လိုအပ်ကြောင်း၊ သို့မှသာ အသေးစိတ်ဖြေကြားပေးနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုကိုအလေးထားကြောင်း၊ သတင်းစာရှင်းလင်းပွဲ၌ မေးမြန်းသော တချို့မေးခွန်းများသည် တစ်စုံတစ်ဦးက နစ်နာပါသည်ဟု လာရောက်တင်ပြခြင်းများလည်းရှိကြောင်း၊ သတင်းထောက်ကြီးတို့ပြောသည့် နစ်နာသည်ဆိုသည့် လူများသည် ဦးဖြူဖြစ်စေ၊ မောင်မဲဖြစ်စေ၊ တစ်ဖက်တွင်ရှိသော မောင်ညိုနှင့် မောင်လုံးတို့၏ နစ်နာမှုကို မိမိတို့မသိနိုင်ကြောင်း၊ ထို့ကြောင့် သတင်းစာရှင်းလင်းပွဲတွင် ယင်းကို အခွင့်အရေးတစ်ရပ်ဟုယူဆပြီး တစ်ဖက်သားကိုစွပ်စွဲခြင်းသည် မသင့်တော်ပါကြောင်း၊ သတင်းထောက်ကြီးတို့ပြောနေသည့် တောင်သူလယ်သမားအကျိုးစီးပွား၊ ပြည်သူလူထုအကျိုးစီးပွားကို မိမိတို့အလေးအနက်ထားပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မကြာခဏပြောပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးကိုလုပ်ကိုင်ကြကြောင်း၊ နိုင်ငံ၏ အခြေခံစီးပွားရေးသည် စိုက်ပျိုးမွေးမြူရေးဖြစ်ကြောင်း၊ ထို့ကြောင့် အလေးပေးရမည်ဟု ပြောပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၅-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ တောဇျက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီဆိုရာဝယ် | ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၀၉:၁၀ | NRC အစီအစဉ် | ၁၉:၂၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ဒီမိုကရေစီစိတ်ထား' |
| ၀၉:၅၀ | Road to 31st SEA Games Vietnam (Boxing) | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၁:၃၅ | ပြည်သူများယုံကြည်အားကိုးရမည့်မီးသတ်တပ်ဖွဲ့ဝင်များ၏စွမ်းဆောင်ရည်မြှင့်တင်လေ့ကျင့်နေမှုများ | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၂၀) |
| ၁၃:၃၀ | MRTV National News | ၂၂:၁၅ | (၇၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု အငြိမ့် 'ပြည်တော်အေးငြိမ်းအငြိမ့်' |
| ၁၆:၃၅ | မျက်မှောက်ရေးရာအဖြာဖြာ | | |
| ၁၇:၁၀ | Soccer View | | |

**mitv**

07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:11 Secret Recipes by Gourmet Chefs (India)
07:42 Ecotourism: The Famous Zalon Mountain
07:56 Moe La Win's Piano Melody 2 (Sonata by Mozart)
08:00 Discovering Tribes: Kanan their life and customs (Part-I)
08:34 Insight Myanmar: Manuscription (Epi-1) Palm-leaf Manuscripts & Parabaiks
09:01 News
09:27 Sagaing: Guitars
09:36 Sayit-wyne Girls
10:02 Wet Markets in Yangon: Shwe Pa Dauk Fish Market
10:10 Myanmar Cultural Identities (Hintha or Hamsa)
10:35 Let's taste "Sabuti"

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ထူးကဲအရသာကော်သူလေးဟင်းလျာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နှလုံးသားထဲကထာဝရရိဒ်ရေကန်

**ချင်း(ဇိုမီး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည်(အပိုင်း-၄)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မုယွန်အိုးလုပ်ငန်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဝါးတုတ်ချက်

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သာယာလှပတဲ့နမ့်ဖေးရေတံခွန်ဆီသို့

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
အသီးအရွက်စားပါ

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ သုံးသီးစားတဲ့တို့ယာမြေ
၀၆:၄၅ နှင်းဆီစိုက်ပျိုးခြင်းနှင့်ဈေးကွက်အခြေအနေ
၀၇:၁၅ ကြယ်ပဲစိုက်ပျိုးဝင်ငွေတိုး
၀၈:၁၅ သာယာလှပဒီတောင်သူ့ဘဝစုံအောင်စိုက်ပျိုးဝင်ငွေတိုး
၀၉:၂၅ အနာဂတ်လှသောပိန်းဥ
၀၉:၅၀ တိရစ္ဆာန်စာပူလုံဖို့စားကျက်သိနှံစိုက်ကြစို့

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝန်ရောက်နေ့မှအစ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "တူနှစ်ကိုယ်တိုင်းပြည်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၄**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "တူနှစ်ကိုယ်တိုင်းပြည်" တေးဂီတဖျော်ဖြေပွဲကို မေ ၆ ရက်၊ သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ရွှေစင်ကြယ် တီးဝိုင်းနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် မိုးယံဇွန်၊ သွန်းရွှေလျှံ၊ စောဒယ်နီယယ်၊ ဈာန်ထူး၊ ရဲရင့်ဝေလွင်၊ သဉ္ဇာမြင့်မိုရ်၊ မေထူးကျော်၊ ယဉ်လက်နှင့် ပုလဲသန့်သွယ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။




ထိုသို့ တင်ဆက်မှုကို မေ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




**နေပြည်တော် မေ ၄**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၆၄) ကို မေ ၆ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ ၆၊ ၇ နှင့် မေ ၈ ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၅-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၉၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၉၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၅/၂၃၂၅ ကျပ် | ၂၃၃၅/၂၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၄၀/၂၃၅၀ ကျပ် | ၂၃၇၀/၂၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၅/၁၉၆၅ ကျပ် | ၁၉၉၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၅/၂၀၂၅ ကျပ် | ၂၀၇၀/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၈ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၈ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၀၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၂ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၉၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၂၂၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၇၀၀ | ၃၅၇ | ၂၇၅၄၈၀၀ |
| MTSH | ၂၆၀၀ | ၂၆၀၀ | ၂၆၉၉ | ၇၀၁၇၄၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၄ | ၃၁၆၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၃၈၄ | ၆၉၁၂၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၃၆၅ | ၉၄၉၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၂၀၁၀ | ၉၈၅၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ မြို့နယ်ရှိ ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ်ရှိ မဟာဂန္ဓာရုံ (တိုက်သစ်) ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ ကုန်းကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပုညဝတီ ဓမ္မရိပ်သာသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဘုရားနှစ်ဆူတောင်ပေါ်ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# “မန်းသိင်္ဂါ” ရုပ်စုံသဘင် သုဝဏ္ဏသာမဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၄**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “မန်းသိင်္ဂါ” ရုပ်စုံသဘင် သုဝဏ္ဏသာမဇာတ်တော်ကြီးကို မေ ၇ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းတင်ဆက်မှုကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ပြီး ဇာတ်ညွှန်း နန်းမြင့်ဆွေ (မန္တလေး – ရွှေတံဆိပ်ဆုများရှင်) ရေးသားကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တို့မှ ဆိုင်းပညာရှင်များ၏ တီးခတ်မှုနှင့်အတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ သဘင်ပညာဌာနမှ အနုပညာရှင်များက တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၄ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၄ မျိုး စုစုပေါင်း ၂၇၂၄၀ ဒသမ ၉၂ KG၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီ နှစ်ခုမှ Disposable Sterile Medical Cap ၅၁၀ KG ၊ Disposable Surgical Gown ၁၅၀ KG ၊ Isolation Shoe ၂၁၀ KG ၊ Isolation Mask ၃၉ ဒသမ ၆ KG ၊ Isolation Goggles ၁၀၀၀ ၊ Protective Mask ၄၈၃ KG ၊ Disposable Protective Clothing ၁၀၀၀၀ ၊ Pai Dexa Injection ၇၉၁၀၀ ၊ Disposable Syringe ၈၉၁၀ ၊ Scalp Vein Set ၂၁၆၀ ၊ Glucose And Sodiun Chloride Injection ၁၃၂၉၀ ၊ Mannitol Injection ၁၅၀၀ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ယာယီတိုက်ပွဲရှောင် စခန်းများတွင် နေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၄**

ချင်းပြည်နယ် ပလက်ဝမြို့ရှိ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ယာယီနေထိုင်၍ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်ကြမည့် ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုများကို ချင်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် နေအိမ်အသစ်ဆောက်လုပ်ရန်နှင့် နေအိမ်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ခြင်းကို ဧပြီ ၃၀ ရက်က ပလက်ဝမြို့ ကီမိုခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာတွင် တာဝန်ရှိသူများက တန်းဆိပ်ကျေးရွာ၊ အောက်မီးလဝကျေးရွာ၊ ပလက်ချောင်းဝကျေးရွာ၊ ရီးမဝကျေးရွာနှင့် တုံးမဝကျေးရွာများမှ အိမ်ထောင်စု ၄၄ စုအတွက် တန်ဖိုးနည်းအိမ်ရာများကို လည်းကောင်း၊ အိမ်ထောင်စု ၈၇ စုအတွက် နေအိမ်အသစ် ဆောက်လုပ်ရန်နှင့် နေအိမ်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေများများကိုလည်းကောင်း၊ အိမ်ထောင်စု ၁ စုစီ အတွက် ICRC မှ ထောက်ပံ့ပစ္စည်း ခုနစ်မျိုးကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၁၆၉ စုသည် မေ ၂ ရက်တွင် ၎င်းတို့၏ နေရပ်အသီးသီးသို့ ပလက်ဝမြို့မှ စက်လှေများဖြင့် ထွက်ခွာကြရာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စုဝင်များ၏ အသုံးအဆောင်ပစ္စည်းများကို စက်လှေများပေါ်သို့ သယ်ယူရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မိုးဖုန်းကျေးရွာနေ ရန်နိုင်သည် ၎င်းအသုံးပြုသည့် “Yann Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မုဒုကျေးရွာနေ မုဒုအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမ သဇင်ခိုင်နှင့် တစ်ရွာတည်းနေ ကျော်မင်းထွန်းတို့သည် ၎င်းတို့အသုံးပြုသည့် “Thazin Khaing” Facebook အကောင့်နှင့် “Kyaw Min Htun” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၃) ရပ်ကွက် (၈)လမ်းနေ ဝင်းလှိုင်(ခ)ဦးညိုသည် ၎င်းအသုံးပြုသည့် “U Nyo” Facebook အကောင့်၊ ဇလွန်မြို့နယ်၊ ခနိုင်ကုန်းကျေးရွာနေ အုန်းသန်းသည် ၎င်းအသုံးပြုသည့် “Ohm Than” Facebook အကောင့်၊ ဇလွန်မြို့နယ် ငြိမ်းအေးစုကျေးရွာနေ အုန်းမြနှင့် နိုင်ဝင်းသိန်းတို့သည် ၎င်းတို့အသုံးပြုသည့် “Ohm Mya” Facebook အကောင့်နှင့် “Naing Win Thein” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုတ်တရက်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းမှုကြောင့် နေအိမ်များ အမိုးလန်ခြင်း၊ ပြိုကျပျက်စီးခြင်းများ ဖြစ်ပွား

**မေ ၂ ရက်နှင့် ၃ ရက်က ရုတ်တရက် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းခြင်းများ ဖြစ်ပွားမှုကြောင့် မြို့နယ်အသီးသီးတွင် နေအိမ်များ၊ ကျောင်းများ၊ ဘုန်းကြီးကျောင်းအဆောက်အအုံများ အမိုးလန်ပျက်စီးခြင်းနှင့် နေအိမ်အချို့ ပြိုကျပျက်စီးခြင်း၊ သစ်ပင်များ လဲပြိုကျခြင်းများ ဖြစ်ပွားခဲ့ကာ သက်ဆိုင်သည့် ဌာနဆိုင်ရာများက လေဘေးသင့်ပြည်သူများအား လိုအပ်သည့် အကူအညီများပေးခြင်းနှင့် သစ်ပင်လဲကျမှုများကို ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။**

## မအူပင်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မေ ၂ ရက် ညနေ ၆ နာရီခွဲခန့်က ရုတ်တရက်လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ ရပ်/ကျေးရုံး တစ်ရုံးနှင့် လူနေအိမ် ၁၅၇ လုံး အမိုးလန်ခြင်း/ပြိုကျပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု ခုနစ်စုမှ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ ရပ်/ကျေးရုံး တစ်ရုံးနှင့် လူနေအိမ် ၇၃ လုံး အမိုးလန်ပြီး လူနေအိမ် ၈၄ လုံး ပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။ အဆိုပါ လေဘေးသင့် ရပ်ကွက်/ကျေးရွာများရှိ အိမ်ထောင်စုများအား ခရိုင်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းတွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးထားပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်များ၊ လမ်းမကြီးများပေါ်တွင် လဲပြိုကျနေသည့် သစ်ပင်များ၊ လူသွားလမ်းနှင့် မလွတ်ကင်းသည့် လျှပ်စစ်ဓာတ်မီးတိုင်များနှင့် သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်း

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျပျက်စီးခဲ့သော တယ်ချောင်းကျေးရွာအုပ်စု၊ အောင်လှိုင်ကျေးရွာအုပ်စု၊ မှန်ကူကနစိုချောင်းကျေးရွာအုပ်စုနှင့် ကြပ်စဉ်ချောင်းကျေးရွာအုပ်စုတို့မှ ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မေ ၄ ရက်တွင် ပေးအပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းထက်မှူး၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာဇာလင်းနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စုလေးစုအတွင်းရှိပြိုကျပျက်စီးခဲ့သော နေအိမ်လေးလုံး၊ အမိုးလန်ပျက်စီးခဲ့သော နေအိမ်ငါးလုံးမှ အိမ်ထောင်စုကိုးစု(လူဦးရေ ၃၁ ဦး)အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ လေးပုံး၊ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ် ၅၇၀၀၀၀ နှင့် တစ်ပတ်စာ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ကျပ် ၆၅၁၀၀ ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။ **အောင်အောင်(ပြန်/ဆက်)**

## မလှိုင်

မလှိုင်မြို့နယ်တွင် ဧပြီ ၃၀ ရက်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော နေအိမ်များသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ရွာတန်းရှည်ကျေးရွာဓမ္မာရုံ၌ မေ ၃ ရက်က ပေးအပ်သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာများမှ လူနေအိမ် ၁၁ လုံး အမိုးလန်ပျက်စီးခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ကျပ် ၁၈၉၀၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ် ၂၀၀၄၄၀၀ နှင့် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းပုံး သုံးပုံးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များက လေဘေးသင့်အိမ်ထောင်စုများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ **အောင်ဌေး(မလှိုင်)**

## ဓနုဖြူ

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မေ ၃ ရက် နံနက် ၇ နာရီခွဲခန့်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ခုနစ်ခုမှ ကျေးရွာ ၁၅ ရွာတွင် နေအိမ်အလုံး ၂၈၀ နှင့် စာသင်ကျောင်းအဆောက်အအုံ အမိုးလန်ခြင်း၊ နေအိမ် ၄၆ လုံး ပြိုကျခြင်းများ ဖြစ်ပွားသည်။

ဗျင်းဘွဲ့ကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာတွင် နေအိမ် ၆၇ လုံး အမိုးလန်ပျက်စီးခြင်း၊ ၁၇ လုံး ပြိုကျခြင်း၊ စာသင်ကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးခြင်း၊ ဖုန်းဆိုးတောင်ကျေးရွာအုပ်စုမှ ကျေးရွာငါးရွာတွင် နေအိမ် ၁၆၃ လုံး အမိုးလန်ပျက်စီးပြီး ၁၉ လုံး ပြိုကျခြင်း၊ သပြေရိုးကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာတွင် အိမ် ၁၈ လုံး အမိုးလန်ပြီး လေးလုံးပြိုကျခြင်း၊ စခန်းကြီးကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာတွင် အိမ် ၂၇ လုံး အမိုးလန်ပြီး သုံးလုံးပြိုကျခြင်း၊ တမြာကျေးရွာအုပ်စု တမြာကျေးရွာတွင် နေအိမ်တစ်လုံးပြိုကျခြင်း၊ အကျော်ကျေးရွာအုပ်စု အကျော်ကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ပြီး တစ်လုံးပြိုကျခြင်း၊ ကျုံတနော်အနောက်ကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာတွင် နေအိမ်လေးလုံး အမိုးလန်ပြီး တစ်လုံး ပြိုကျခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ် မိုးရွာသွန်းမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် နေအိမ်ပျက်စီးမှုရှိသည့်အိမ်များမှ ပြည်သူများမှာ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မေ ၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နဘူးကွဲကျေးရွာအုပ်စုနှင့် သစ်လှကျင်းကျေးရွာအုပ်စုတို့တွင် နေအိမ်များ အမိုးလန်ခြင်းနှင့် အခြားအဆောက်အအုံများ ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် အလုံး ၆၀၊ ဘုန်းကြီးကျောင်းအဆောက်အအုံတစ်လုံး၊ သိမ်အဆောက်အအုံ တစ်လုံး၊ ကြက်ခြံတစ်ခြံ၊ နွားတင်းကုပ်ငါးလုံး စုစုပေါင်း အဆောက်အအုံ ၆၈ လုံး ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် လေဘေးသင့်အိမ်ထောင်စုများအား မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **လှဝင်း**

## မြင်းခြံ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် မေ ၂ ရက် ည ၈ နာရီခန့်က မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် စက်မှုဇုန်ဘက်တွင် သစ်ပင်များ ပြိုလဲခဲ့သည်။ အဆိုပါ သစ်ပင်ပြိုလဲသည့် နေရာများတွင် မေ ၃ ရက် နံနက်မှစ၍ မြင်းခြံခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင် ဦးဆောင်သည့် အဖွဲ့သုံးဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့် ဦးဆောင်သည့် အဖွဲ့တစ်ဖွဲ့က ရှင်းလင်းမှုများ ဆောင်ရွက်ပေးခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အနည်းငယ်ပျက်စီးခြင်းနှင့် အုတ်တံတိုင်းများ ပြိုလဲခြင်းတို့ ဖြစ်ပွားခဲ့ကာ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**

## ဆီဆိုင်

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် မေ ၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးမှု ဖြစ်ပွားသည်။ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပါလောပါကယ်ကျေးရွာအုပ်စုအတွင်း နောင်လတ်(မြောက်)ကျေးရွာတွင် လူနေအိမ်ငါးလုံး၏ သွပ်အမိုးနှင့် မြားတန်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၁ သိန်းခန့်ဖြစ်ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် လေဘေးသင့်ပြည်သူများအား နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များတွင် နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။ **မျိုးမြတ်(ဆီဆိုင်)**



## ကြံခင်း

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် မေ ၃ ရက်က ရုတ်တရက် မိုးရွာသွန်းပြီး လေပြင်းတိုက်ခြင်းကြောင့် ရပ်ကွက်/ကျေးရွာအုပ်စု သုံးစုတွင် လူနေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးသည်။

လေပြင်းတိုက်ခတ်ခြင်းကြောင့် ရပ်ကွက်/ကျေးရွာအုပ်စု သုံးစုရှိ သွပ်မိုးထရံကာ လူနေအိမ်ကိုးလုံးနှင့် သွပ်မိုးပျဉ်ကာ လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးကာ အိမ်ထောင်စု ၁၀ စု လေဘေးသင့်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ အဆိုပါလေဘေးသင့် အိမ်ထောင်စု ၁၀ စုမှ ပြည်သူ ၄၀ အား နီးစပ်ရာဆွေမျိုးများ၏နေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဧရာဝတီတံတား(မကွေး) ရေလမ်း ပြောင်းလဲသတ်မှတ်ထား

**နေပြည်တော် မေ ၄**

ဧရာဝတီတံတား(မကွေး)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၇)နှင့် (၁၈)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၆)နှင့် (၁၇)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားသည်။ ယခုအခါ တံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၂ ခုနှစ် မေ ၄ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၇) နှင့် (၁၈) အကြား ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**




# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂) နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၁၆၀၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၄၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၅၅၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၁၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၄၂၃၆၀ နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၀၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မေ ၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၇၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ မေ ၈ ရက်တွင် မြန်မာနှင့် တီမော ကစားမည်

**ရန်ကုန် မေ ၄**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသား ဘောလုံးပြိုင်ပွဲကို မေ ၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသား ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၆ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘရူနိုင်းနိုင်ငံမှလွဲ၍ ကျန်အရှေ့တောင်အာရှ ၁၀ နိုင်ငံစလုံး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကာ ငါးသင်း နှစ်အုပ်စုခွဲ၍ ပြုလုပ်သွားမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် လက်ရှိချန်ပီယံနှင့် အိမ်ရှင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အုပ်စုအနေအထားအရ မြန်မာအသင်းသည် တီမော၊ ဖိလစ်ပိုင်တို့နှင့် ပွဲများတွင် ရမှတ်အပြည့် ရယူထားနိုင်ရန် လိုအပ်ပြီး ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် ပွဲများမှာ ဆီမီးဖိုင်နယ် တက်ရောက်ရေးအတွက် အဆုံးအဖြတ်ဖြစ်လာနိုင်သည်။ အုပ်စုပွဲစဉ်များကို မေ ၆ ရက်မှ ၁၆ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ်အသင်း ပါဝင်သော အုပ်စု (က) ပွဲစဉ်များနှင့် စတင်မည်ဖြစ်သည်။ ပြိုင်ပွဲပထမနေ့အဖြစ် မေ ၆ ရက်တွင် ဖိလစ်ပိုင်နှင့် တီမောအသင်း၊ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲကို မေ ၈ ရက်မှသာ ကစားရမည်ဖြစ်ပြီး မေ ၈ ရက်တွင် တီမောအသင်း၊ မေ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်း၊ မေ ၁၃ ရက်တွင် ဗီယက်နမ်အသင်း၊ မေ ၁၅ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၂ အဖြစ် သတ်မှတ်ထားသော်လည်း အသက်ကျော် ကစားသမား သုံးဦး အသုံးပြုခွင့်ရှိမည် ဖြစ်သည်။ မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် အပြီးသတ် လူစာရင်းကို မေ ၅ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

**ရဲရင့်လွင်**

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားအဖွဲ့များ ထွက်ခွာ

**ရန်ကုန် မေ ၄**

၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားအဖွဲ့များသည် ယနေ့နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်က Rowing အားကစားနည်းမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခြောက်ဦး၊ အုပ်ချုပ်သူ သုံးဦး၊ စစ်တုရင်အားကစားနည်းမှ အမျိုးသား လေးဦး၊ Kurash အားကစားနည်းမှ အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦး၊ စုစုပေါင်း ၃၁ ဦးတို့ ထွက်ခွာသွားရာအားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းတို့က ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**အာကာစိုး**

## ကျန်းမာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် ပြောင်းလဲသတ်မှတ်ကြောင်းကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာနမှ(၂၀၂၂-၂၀၂၃)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ခွင့်ပြုငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဗဟိုအဆင့်ဆေးရုံကြီး(၄)ရုံ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနအောက်ရှိ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်(၆-၅-၂၀၂၂)ရက် ညနေ ၄:၃၀ နာရီအား (၃၁-၅-၂၀၂၂)ရက် ညနေ ၄:၃၀နာရီအထိ ပြောင်းလဲသတ်မှတ်ကြောင်းကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၂ ဧပြီလမှ ၂၀၂၃ မတ်လအတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းများ၊ ရေမြောင်းလုပ်ငန်းများနှင့် Precast စက်ရုံတို့တွင် အသုံးပြုရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းအား ဝယ်ယူသွားမည်ဖြစ်သဖြင့် (Open Tender)အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်းအမည် - (၁) ကတ္တရာအရည်ပြည့် (၆၀/၇၀) Drum Type ဝယ်ယူခြင်း
(၂) Bulk Cement Powder(525R) ဝယ်ယူခြင်း
(၃) လုပ်ငန်းသုံးကျောက်မျိုးစုံ ဝယ်ယူခြင်း
(၄) Ready Mix Concrete ဝယ်ယူခြင်း

(ခ) တင်ဒါပုံစံစတင်ရောင်းချမည့်ရက်- ၅-၅-၂၀၂၂ရက်
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၆-၆-၂၀၂၂ရက် မွန်းတည့် ၁၂နာရီ
(ဃ) တင်ဒါတစ်စောင်ဈေးနှုန်း - ၁၀၀၀၀/-ကျပ်

၂။ ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများ၏ အိတ်ဖွင့်တင်ဒါတင်သွင်းမည့် ပုံစံများ ရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ-၁၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဆောင်ရွက်မည့်အောက်ဖော်ပြပါလုပ်ငန်းများအတွက် ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyat) ဖြင့် ဝယ်ယူလိုပါသည်-

(က) ဓာတ်အားခွဲရုံတည်ဆောက်ခြင်းများအတွက် ၆၆/၁၁ ကေဗွီနှင့် ၃၃/၁၁ ကေဗွီ ထရန်စဖော်မာများအား Item အလိုက် ဝယ်ယူရန်
(ခ) ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းအတွက် ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများအား Lot အလိုက်ဝယ်ယူရန်
(ဂ) ၆၆ ကေဗွီနှင့် ၃၃ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများအား Lot အလိုက်ဝယ်ယူရန်
(ဃ) လက်ရှိဓာတ်အားခွဲရုံများတွင် Protection ကောင်းမွန်ရန်အတွက် လဲလှယ်ရန်လိုအပ်သော ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများအား Lot အလိုက်ဝယ်ယူရန်
(င) ချင်းပြည်နယ် ၆၆ ကေဗွီ ဟားခါး-ထန်တလန်နှင့် ၃၃ ကေဗွီ မင်းတပ်-ပလိပ်ထိုဓာတ်အားလိုင်း၊ ရှမ်းပြည်နယ်(အရှေ့ ပိုင်း)၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခတ် ဓာတ်အားလိုင်းတည်ဆောက်ခြင်းအတွက် လိုအပ်သောဓာတ်အားလိုင်း Tower Accessories ဆက်စပ်ပစ္စည်းများအား Lot အလိုက် ဝယ်ယူရန်

တင်ဒါပိတ်မည့်ရက် - ၂၀-၅-၂၀၂၂ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂ နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်မြင့်မြင့်ဦး ၁၂/တမန(နိုင်) ၀၅၉၂၃၀ (ဘ)ဦးကြာကြီး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၂၃၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၂၅၇၈/၂၀၁၉ (၁-၇-၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်မြင့် ၁၂/ဥကမ(နိုင်)၀၂၃၅၄၀ (ဘ) ဦးထွန်းလှိုင်မှ ဦးတင်ဦး ၁၂/သဃက(နိုင်)၁၂၅၂၃၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လေလံကြော်ငြာ

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း တပေါင်းတည်းလေလံတင်ရောင်းချရန်ရှိပါသဖြင့် ဖိတ်ခေါ်အပ်ပါသည်-

(က) မော်တော်ရေယာဉ်သစ်သားခွဲ (အလျားပေ ၆၀xအနံ ၁၃ပေxဒေါက် ၅ပေ) အင်ဂျင်အပါအဝင် (၁)စီး
(ခ) ဒီဇယ်အင်ဂျင် (16Hp) ရုံးသုံးမီးစက် (၁)လုံး
(ဂ) အိုလံပစ်လက်နှိပ်စက် (၁၉ လက်မ) (၁)လုံး

၂။ အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) လျှောက်လွှာယူရန် - ၅-၅-၂၀၂၂ရက်မှ ၂၅-၅-၂၀၂၂ရက်အထိ
(ခ) လေလံတင်ရောင်းချမည့်ရက် - ၂၆-၅-၂၀၂၂ရက် နံနက် ၁၀ နာရီ

၃။ လေလံလျှောက်လွှာများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန၌ အခမဲ့ရယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၊ ဖုန်း-၀၉-၂၁၃၀၈၂၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်နှင့် လမ်းအထူးအဖွဲ့ (၆)တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါ သည်။

| | | |
|---|---|---|
| ၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ် | - | (၂/၂၀၂၂-၂၀၂၃) |
| (က) တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် | - | ၁၂-၅-၂၀၂၂ရက် (ကြာသပတေးနေ့)မှ ၁၇-၅-၂၀၂၂ရက် (အင်္ဂါနေ့)အထိ (၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ (ရုံးချိန်အတွင်း) |
| (ခ) Pre-Bid Meeting ကျင်းပမည့် ရက်/အချိန် | - | ၁၇-၅-၂၀၂၂ရက် (အင်္ဂါနေ့) ၁၅:၀၀ နာရီ |
| (ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန် | - | ၁၈-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| (ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | ၁၉-၅-၂၀၂၂ရက် (ကြာသပတေးနေ့) ၉:၃၀ နာရီ |
| (င) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လားရှိုးခရိုင်၊ လားရှိုးမြို့ |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၆)၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၀၂၆၁၀၉၊ ၀၉-၄၂၈၈၆၅၇၅၆နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ ဖုန်း-၀၈၂- ၂၂၀၃၀၅၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန လမ်းလုပ်ငန်းများတွင် အသုံးပြုပြီးသော ကတ္တရာပုံးခွံ(၂၃၀၃၆)ပုံး လေလံတင်ရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ကော်မတီနယ်နိမိတ်(၆)မြို့နယ်အတွင်း လမ်းလုပ်ငန်းများတွင် အသုံးပြုပြီးသော ကတ္တရာပုံးခွံ(၂၃၀၃၆)ပုံးအား လေလံတင်ရောင်းချသွားမည်ဖြစ်သဖြင့် လေလံတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ လေလံတင်ရောင်းချခြင်းအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၅-၅-၂၀၂၂ရက်
(ခ) လေလံရောင်းချခြင်းပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၆-၆-၂၀၂၂ရက် မွန်းတည့် ၁၂နာရီ
(ဂ) တင်ဒါတစ်စောင်ဈေးနှုန်း - -၁၀၀၀၀/-

၃။ ကတ္တရာပုံးခွံလေလံဆွဲခွင့်လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ -၁၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၅၇၃)၊ ဧရိယာ ပေ (၄၀x၆၀)၊ ၀ဒသမ၀၅၅ဧက နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်အေးအေးသန့် ၇/သနပ(နိုင်)၀၅၈၂၇၄ ကိုင်ဆောင်သူမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသန့် ၁၂/အစန(နိုင်)၀၆၅၈၄၅ ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ ကို ၄-၅-၂၀၂၂ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစမြင့်ကိုကို၊ LL.B ၊ ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၀၆)**
**တိုက် (၉)၊ အခန်း (၁၃)၊ ရှင်စောပုဝန်ထမ်းအိမ်ရာ၊ ပဲခူးမြို့၊ ဖုန်း-၀၉-၄၅၂၁၅၆၈၅၈**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ကံကော်လမ်းနှင့် ပေါင်းလောင်း(၁၀)ထောင့်၊ မြေကွက်အမှတ်(၃၉/၂၆)၊ အလျား ၄၀ x အနံ ၆၀ပေ ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနှစ်ထပ်တိုက်၏ အကျိုးခံစားခွင့်အားလုံးတို့ အား တရားဝင်အမည်ပေါက်သူမှ ရောင်းချခဲ့ပြီး အဆက်အစပ်စာချုပ်မူရင်းဖြင့် ယခုတရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်ချောစုနွယ်(ဘ) ဦးညွန့်အောင် ၁၁/သတန(နိုင်) ၀၅၇၁၈၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေတချို့ပေးချေထားပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံ သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးညွန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၉၉၇၃)**
**၅/၉(ခ)၊ တော်သာအုပ်စု၊ ကျော်ညီနောင်၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၀၀၀၉၆၅၆၃၊ ၀၉-၄၃၀၂၀၂၄၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြတ်လေး-၁လမ်း၊ မြေကွက်အမှတ်(ဥ-၆၂၅၇)၊ ဒေါ်ညွန့်မေ(ဘ) ဦးတခဲလယ် ၁၃/တကန(နိုင်) ၁၃၁၃၅၉ အမည်ပေါက်ပါမစ်မြေကွက်၏ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ဒေါ်ညွန့်မေ(ဘ)ဦးတခဲလယ် ၁၃/တကန(နိုင်)၁၃၁၃၅၉မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက် နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နေပြည်တော်၊ လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၂၂-၂၀၂၃) တင်ဒါရက်စွဲပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လမ်းဦးစီးဌာန၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါနှင့်အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်း များ ဝယ်ယူနိုင်ရန်အတွက် ပစ္စည်းတင်ဒါတို့ကို အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါ ဝင်စားသူ နိုင်ငံသားလုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း ၁၈-၄-၂၀၂၂ရက်နှင့် ၁၉-၄-၂၀၂၂ရက်များတွင် ကြော်ငြာခဲ့ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၂၂-၄-၂၀၂၂ရက် (သောကြာနေ့) |
| (ခ) တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဒက္ခိဏ/ဥတ္တရခရိုင်၊ လမ်းဦးစီးဌာန |
| (ဂ) တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် | - | ပစ္စည်းတင်ဒါ((၉-၅-၂၀၂၂)ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီ လုပ်ငန်းတင်ဒါ (၁၆-၅-၂၀၂၂)ရက် (တနင်္လာနေ့) ညနေ ၃နာရီဟုပြင်ဆင် သတ်မှတ်ပါသည်။ |

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များ ဒက္ခိဏခရိုင် လမ်းဦးစီးဌာန(၀၆၇-၅၅၀၃၂၈၊ ၀၉-၈၉၈၀၁၀၉၂၃)နှင့်ဥတ္တရခရိုင် လမ်းဦးစီးဌာန (၀၆၇-၄၅၁၀၂၃၈)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၂)၊ လူနေရပ်ကွက်အမှတ်(မြင်သာစုပေါင်းအိမ်ရာ)၊ ဟသ်ာလမ်း၊ မြေကွက်အမှတ် (၈၈/၁)၊ မြေအကျယ် (၃၀x၄၅)ပေ၊ ဧရိယာ ၀ဒသမ၀၃၁ဧက၊ စတုရန်းပေ (၁၃၅၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေ စာရင်းတွင် ဦးစန်းမြင့်၊ ဒေါ်ခင်တုပ်၊ ဒေါ်ခင်မြချိုတို့၏အမည်များဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ဦးစန်းမြင့်နှင့် ဒေါ်ခင်တုပ်တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်မြချိုက မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီးနောက် ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ယဉ်နွယ်ဝင်း ၁၂/မဂတ(နိုင်)၀၇၉၉၀၆က အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ၎င်းမှ မိမိသာတရား ဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝသုန်ဖြိုး ၁၄/ပသန (နိုင်)၂၀၇၇၃၈က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့် (အလင်္ကာ Law Firm)**
**LL.B, D.B.L, D.M.L, D.I.L (W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ဘိုမင်း ၈/မဘန(နိုင်)၁၅၂၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးအောင် ၈/နမန(နိုင်)၁၉၆၉၁၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်မင်းထက် ၈/မလန(နိုင်)၁၂၄၁၅၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသဇင်နွယ် ၈/မလန(နိုင်)၁၀၂၅၁၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်နေလင်းထွန်း ၈/မလန(နိုင်)၀၈၅၀၇၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ် (A-၂၃၉)၊ မြေဧရိယာ(၀ဒသမ၂၂၉)ဧကရှိ ဦးထွန်းသိန်း(ခ)ခွန်ဝိရပ်(ဘ)ဦးနော်ကန် ၁၃/ကတန(နိုင်) ၀၂၄၉၉၈ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးထွန်းသိန်း(ခ)ခွန်ဝိရပ်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၇၄/၂၀၁၉)၊ (၁၀-၁၂-၂၀၁၉)ရရှိထားသူ ဦးမျိုးမင်း(ဘ) ဦးအောင်ဘော် ၁၂/မဘန(နိုင်) ၀၁၄၀၅၁မှ ဒေါ်မြသဥ္ဇာဟန်(ဘ) ဦးဟန်တင်ဦး ၁၂/မဂဒ(နိုင်) ၀၉၃၄၃၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်၊ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/79410 Honda Dream 125-Mc ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၁၀/ဘလန(နိုင်)၀၀၆၃၂၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(သထုံ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ အင်းဝလမ်း၊ မြေကွက်အမှတ်(၄၀၄)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ဇင်ဝါမေ (၁၂/ဒလန (နိုင်) ၀၀၁၂၁၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ဇင်ဝါမေ (၁၂/ဒလန (နိုင်) ၀၀၁၂၁၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ တောင်ထိပ်ပန်းလမ်း၊ မြေကွက်အမှတ်(၂၉၈)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးဖေအောင် (CG-၀၈၀၀၇၄) အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းဦး (၁၂/ရကန (နိုင်) ၀၂၀၂၆၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်(တင်ဒါအမှတ်-၁)
## လမ်းဦးစီးဌာန၊ သံတွဲခရိုင်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သံတွဲခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၁၉-၅-၂၀၂၂ရက် ရုံးချိန်အတွင်း |
| (ခ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - ၂၇-၅-၂၀၂၂ရက် မွန်းတည့်(၁၂:၀၀)နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၃၁-၅-၂၀၂၂ရက် နံနက် (၁၀:၀၀)နာရီ |
| (ဃ) | **တင်ဒါဖွင့်မည့်နေရာ** | - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သံတွဲမြို့ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို သံတွဲခရိုင်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၄၃-၂၀၆၅၃၂၆တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့
## အမှတ်စဉ်(၁/၂၀၂၂-၂၀၂၃) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့၊နေပြည်တော်မှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွင်းပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ်အပ်နှံရန်ပုံငွေများဖြင့် ဝယ်ယူမည့် သံချောင်းအရွယ်စုံအားရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်(ပျဉ်းမပင်၊ နွယ်ခွေဝင်း) သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၅-၅-၂၀၂၂ရက်၊ (ရုံးချိန်အတွင်း) |
| ၃။ | **သံချောင်းလုံးနမူနာနှင့် Lab Report နောက်ဆုံးပေးပို့ရမည့်ရက်** | - ၁၂-၅-၂၀၂၂ရက်၊ ၁၆:၀၀နာရီ |
| ၄။ | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁၂-၅-၂၀၂၂ရက်၊ ၁၆:၀၀နာရီ |
| ၅။ | **တင်ဒါပုံစံရောင်းချမည့်နေရာ/ တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** | - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့၊ နေပြည်တော် |
| ၆။ | **တင်ဒါဖွင့်မည့်ရက်** | - ၂၀-၅-၂၀၂၂ရက်(တင်ဒါဖွင့်လှစ်မည့် အချိန်နှင့်နေရာအားအကြောင်းကြားပါမည်။) |

၇။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၈၄၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာပြုတက္ကသိုလ်
## မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot No |
|---|---|---|---|
| (က) | ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ (၄)ထပ်(အလျား ၈၆'၊ အနံ ၄၀') R.C.C အတွင်း/အပြင်ဆေးသုတ်ခြင်း၊ ရေတိုင်ကီများပြောင်းရွှေ့ခြင်း၊ ရေပိုက်လိုင်းများ၊ မီးလိုင်းများ၊ မိလ္လာပိုက်လိုင်းများ ပြုပြင်ခြင်းလုပ်ငန်း။ | ၁လုံး | Lot-1 |
| (ခ) | သံဃာဆောင် အခန်း(၈၀)ပါ (အလျား ၁၁၆'၊ အနံ ၃၆')x (အလျား၇၂'၊ အနံ ၃၆')(၂)ထပ်အိပ်ဆောင် R.C.C အပြင်ဘက် ဆေးသုတ်ခြင်း၊ ရေပိုက်လိုင်းများ၊ မီးလိုင်းများ၊ မိလ္လာပိုက်လိုင်းများ ပြုပြင်ခြင်းလုပ်ငန်း။ | ၁လုံး | Lot(2) |
| (ဂ) | ဆရာတော်များ သီတင်းသုံးဆောင် ၂၄ပါးဆောင် (၄၀'x ၁၁၀') (၃)ထပ် R.C.C အပြင်ဘက်ဆေးသုတ်ခြင်း၊ ဆန်းရှိတ်များ၊ ရေ မီး၊ မိလ္လာပိုက်လိုင်းများ ပြုပြင်ခြင်းလုပ်ငန်း | ၁လုံး | Lot(3) |

**တင်ဒါရောင်းချမည့်ရက်၊ အချိန်၊ နေရာ** - ၅-၅-၂၀၂၂ရက်မှ ၃၁-၅-၂၀၂၂ရက်အထိ ၉:၃၀နာရီမှ ၁၆:၀၀နာရီအထိ(ရုံးချိန်အတွင်း)၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်နှင့် အချက်အလက်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၇၀၇သို့ စုံစမ်းမေးမြန်း နိုင်ပါသည်။

**မှတ်ချက်။** တင်ဒါတင်သွင်း/ဖွင့်ဖောက်မည့် ရက်၊ အချိန်၊ နေရာအား ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တင်ဒါကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
## ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တရားရုံးသစ် အဆောက်အဦ (၉၀ ပေX ၇၀ ပေ)+ (၃၀ပေx၁၅ပေ)(၄)ထပ် အာရ်စီစီနှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းဖြင့် တည်ဆောက်ရေးလုပ်ငန်းကို တည်ဆောက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ထောက်ပံ့ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **စတင်ရောင်းချမည့်ရက်** | - ၆-၅-၂၀၂၂ ရက်၊ (သောကြာနေ့) |
| (ခ) | **လျှောက်လွှာအရောင်းပိတ်မည့်ရက်** | - ၃-၆-၂၀၂၂ ရက်၊ (သောကြာနေ့) |
| (ဂ) | **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** | - ၆-၆-၂၀၂၂ ရက်၊ (တနင်္လာနေ့) |
| (ဃ) | **တင်ဒါလျှောက်လွှာတင်ရမည့်ရက်** | - ထောက်ပံ့ဌာန၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၊ ထောက်ပံ့ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၈၃၇၇၇၈၃ သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - ၂/၂၀၂၂-၂၀၂၃ |
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** | - ၁၃-၅-၂၀၂၂ရက်၊ (သောကြာနေ့)မှ ၁၈-၅-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)အထိ နံနက် ၀၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအထိ (ရုံးချိန်အတွင်း) |
| (ခ) | **Pre-Bid Meetingကျင်းပမည့်ရက်/အချိန်** | - ၁၈-၅-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀:၀၀နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** | - ၁၉-၅-၂၀၂၂ရက်၊ (ကြာသပတေးနေ့)၊ (ရုံးချိန်အတွင်း) |
| (ဃ) | **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - ၂၀-၅-၂၀၂၂ရက်၊ (သောကြာနေ့)၊ နံနက်၁၀:၀၀နာရီ |
| (င) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လောက်ကိုင်မြို့ |

၃။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လောက်ကိုင်မြို့ ဖုန်း-၀၉-၇၅၈၂၈၉၅၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
## ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ လမ်းအထူးအဖွဲ့ (၃)နှင့်ခရိုင်များမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော (ရေရော ကတ္တရာ၊ ၆၀/၇၀နှင့် ၈၀/၁၀၀) ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကတ္တရာပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၅-၅-၂၀၂၂ရက်မှ၂၃-၅-၂၀၂၂ရက် အထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - ၂၃-၅-၂၀၂၂ရက်၊ ၁၆:၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၂၄-၅-၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၃၁၇၀၊ ၀၈၄-၂၀၂၁၆၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**


ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များအထူး
ဈေးကောင်းပေးဝယ်သည်။
09250406914


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - ၂/၂၀၂၂-၂၀၂၃ |
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** | - ၁၃-၅-၂၀၂၂ရက်၊ (သောကြာနေ့)မှ ၁၈-၅-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)အထိ နံနက် ၀၉:၃၀နာရီမှ ညနေ ၁၆:၃၀ နာရီအထိ(ရုံးချိန်အတွင်း) |
| (ခ) | **Pre-Bid Meetingကျင်းပမည့်ရက်/အချိန်** | - ၁၈-၅-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀:၀၀နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** | - ၁၉-၅-၂၀၂၂ရက်၊ (ကြာသပတေးနေ့)၊ (ရုံးချိန်အတွင်း) |
| (ဃ) | **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - ၂၀-၅-၂၀၂၂ရက်၊ (သောကြာနေ့)၊ နံနက်၁၀:၀၀နာရီ |
| (င) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ |

၃။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၆)၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၀၂၆၁၁၉၊ ၀၉-၄၂၈၈၆၅၇၇၅၆ နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ ဖုန်း-၀၈၂-၅၀၅၁၅၊ ၀၉-၄၀၃၇၆၅၅၅၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအားတင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - (၂/၂၀၂၂-၂၀၂၃) |
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** | - ၁၂-၅-၂၀၂၂ရက်၊ (ကြာသပတေးနေ့)မှ ၁၇-၅-၂၀၂၂ရက်၊ (အင်္ဂါနေ့)အထိ နံနက် ၀၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီ အထိ (ရုံးချိန်အတွင်း) |
| (ခ) | **Pre-Bid Meetingကျင်းပမည့်ရက်/အချိန်** | - ၁၇-၅-၂၀၂၂ရက်၊ (အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** | - ၁၈-၅-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| (ဃ) | **တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန်** | - ၁၉-၅-၂၀၂၂ရက်၊ (ကြာသပတေးနေ့) နံနက် ၁၀:၀၀နာရီ |
| (င) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ဟိုပန်ခရိုင်၊ ဟိုပန်မြို့ |

၃။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၏ ဖုန်း-၀၉-၄၂၆၁၅၂၇၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 64W/31184 ယာဉ်ပိုင်ရှင် ဦးဆန်းအောင် ၁၂/လသယ (နိုင်)၀၃၇၆၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ နီလာ(၂)လမ်း၊ မြေကွက်အမှတ်(၆၂၄)၊ (၄၀×၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းမြေကွက်ဖြစ်သည့် အမှတ်(၆၂၄/က)၊ (၂၀×၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးတိတ်ကြည် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မိတ္တူအဆက်အစပ်စာချုပ်တို့ဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ဥမ္မာညွန့်၏ကိုယ်စားဒေါ်ခင်မေညွန့်(၇/ဝမန(နိုင်)၀၀၃၄၉၈)**မှ ၎င်းလက်ရှိရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၃၉၁၊**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁ယ/၇၉၃၀၇(ဟွန်ဒါ) ယာဉ်ပိုင်ရှင် ဦးနီကိုကို ၉/အမရ (နိုင်)၁၆၃၀၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ သရဖီ(၆) လမ်း၊ မြေကွက်အမှတ်(၅၀၃)၊ မြေအမျိုးအစား-ဂရန်မြေ၊ (အလျား ၄၀ပေxအနံ ၆၁ပေ)၊ ဧရိယာ ၂၄၄၀စတုရန်းပေရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ဖြစ်သူ ဦးထွန်းအောင် (D/RGN-၀၀၆၇၆၁) ၁၂/အလန(နိုင်)၀၁၀၁၁၃ ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းသန်း ၁၂/အလန(နိုင်)၀၁၀၁၄၇ မှ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပြီး ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လေးလေးနိုင် ၁၄/နေဖ(နိုင်)၀၇၉၅၉၂ သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ)ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်း) အထောက်အထားများဖြင့်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ကွင်းအမှတ်-မ/၅၅၊ ရဲမွန်တောင်၊ ဦးပိုင်အမှတ်-၁၈၊ ဧရိယာ-၀ ဒသမ ၁၁၀၂ ဧကရှိ ဦးတင်မောင် အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးသက်ဝေ (ဘ)ဦးတင်ကြည် ၁၂/ဥကတ(နိုင်)၁၉၈၂၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းသော်တာထွန်း (စဉ်-၅၃၀၀၉)**
**LL.B အထက်တန်းရှေ့နေ**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၂၈၂၂၂၈၄၀**

**တစ်တည်း ဖြစ်ပါကြောင်း**

ကယားပြည်နယ်၊ လွိုင်လင်လေးမြို့နယ်၊ သာယုကျေးရွာနေ ဦးဂျူဝါးနီ(ခ) မောင်နီ၏သမီး မမူငမ်း ၂/လကန(နိုင်)၀၉၈၄၁၆ (ခ)မကလောဒီယာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးကျော်လွင်၏သမီး ရပ်စောက်မြို့နယ်၊ အထက(၁)၊ နဝမတန်းမှ မဖြိုးပြည့်ပြည့်အား မအိမ့်ခွန်းချိုမြတ် ၁၃/ရစန(နိုင်)၁၂၄၈၉၃ ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်ခွန်းချိုမြတ်**

## အမည်မှန် ဖခင်အမည်မှန်

ရွာငံမြို့နယ်၊ ဆင်ခေါင်းကျေးရွာအုပ်စု၊ ပြေသာကျေးရွာနေ မခင်ထူး ၁၃/ရငန(နိုင်)၀၄၅၄၉၀ ၏ အမည်မှန်မှာ မခိုင်ထွေး ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးရှားဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7L/8552(GOY ZCT) ယာဉ်ပိုင်ရှင် ဦးဖုန်းမြင့်ထွန်း ၁၃/တကန(နိုင်)၁၃၇၄၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကုန်ပစ္စည်းအမည်၏ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား သတိပေးကြေညာချက်

**သူဌေးလေး** (၂၇၁၁/၂၀၂၂) **ရိုးရာလေး** (၂၇၁၂/၂၀၂၂) **ဒို့ရိုးရာ** (၂၇၁၃/၂၀၂၂)

ဦးမြတ်ကို (၁၂/ဗတထ(နိုင်)၀၃၂၃၇၉)၊ အမှတ်-၃၆၊ ဂန္ဓမာလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသည် အထက်ဖော်ပြပါ **သူဌေးလေး** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၊ **ရိုးရာလေး** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၊ **ဒို့ရိုးရာ** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင် မှတ်ပုံတင်ခဲ့ပြီး ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ဖြင့် လုံချည်၊ ရှပ်အင်္ကျီ၊ စပို့ရှပ်၊ တီရှပ်၊ ကလေးဝတ် အဝတ်အထည်အမျိုးမျိုး၊ ယောကျ်ားဝတ် အဝတ်အထည်အမျိုးမျိုး၊ မိန်းမဝတ် အဝတ်အထည်အမျိုးမျိုး၊ ဂျာကင်၊ ဘောင်းဘီ၊ ထီး၊ ဦးထုပ်၊ ခါးပတ်၊ ဖိနပ်အမျိုးမျိုး၊ ပိုက်ဆံအိတ်၊ ခရီးဆောင်အိတ်မျိုးစုံ၊ ကျောပိုးအိတ်နှင့် လွယ်အိတ်အမျိုးမျိုးတို့ကို ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ထိုကုန်ပစ္စည်းတို့တွင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ ကပ်နှိပ်/ရိုက်နှိပ်/ဖိနှိပ်၍ အသုံးပြုသွားမည်ဖြစ်သည်။

ထို့ကြောင့် ဦးမြတ်ကို တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သုံးစွဲလျက်ရှိနေသည့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို ခွင့်ပြုချက်မရှိဘဲ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အဖွဲ့အစည်း (သို့မဟုတ်) ကုမ္ပဏီတစ်ခုခုကဖြစ်စေ၊ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တစ်နည်းနည်းဖြင့် တုပပြုလုပ်၍ တရားမဝင် သုံးစွဲသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများအရ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနက်စွာ အသိပေးကြေညာအပ်ပါသည်။

**ဦးမြတ်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသိန်းထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)**
**အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၁၀ ၂၈၁၆၁**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/7379 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/9534 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/6579 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အမည်ပြောင်း

အင်းစိန်မြို့နယ်နေ ဒေါ်စပယ်ဖြူ ၈/တတက(နိုင်)၀၀၀၈၂၄ ၏ သား မောင်စွမ်းထက်လင်းအား မောင်ဉာဏ်မိုးထိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

လှိုင်မြို့နယ်၊ တိုက်(၅၆)၊ အခန်း(၁၂)၊ ၄ လမ်း ၂ ရပ်ကွက်နေ ဦးဘာလီရမ်း၏ သမီး အမည်မှန်မှာ မမာနာကူမာရီ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/15063 HONDA DREAM 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၇/ကပက (နိုင်) ၀၈၅၈၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ) ပြည်မြို့**

## အများသိစေရန်အသိပေးကြေညာချက်

AMDA အာရှဆရာဝန်များအသင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် အသေးစား ငွေရေး ကြေးရေး ကြီးကြပ်မှုကော်မတီမှ လိုင်စင်အမှတ် ၀၀၅၂/၂၀၁၂ ဖြင့် ၂၀၁၂ ခုနှစ် ဩဂုတ်(၈)ရက်တွင် လိုင်စင်ရယူပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာမြို့နယ်တွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။

ယခုအခါ AMDA အာရှဆရာဝန်များအသင်း INGO အသေးစားငွေရေးကြေးရေးလုပ်ငန်း မှ AMDA Microfinance Company Limited လုပ်ငန်းလိုင်စင် အမှတ် ၀၃၄၁/၂၀၂၁ ကို ၂၀၂၁ ဒီဇင်ဘာလ (၂၀)ရက်တွင် လိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ ရပိုင်ခွင့် ပိုင်ဆိုင်ပစ္စည်းများနှင့် ဝန်ထမ်းရေးရာလုပ်ငန်းစဉ်အားလုံးကို ၂၀၂၂ခုနှစ် ဇွန်လ (၁) ရက်နေ့မှစတင် လွှဲပြောင်းမည်ဖြစ်ပြီး အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို အပြောင်းအလဲ တစ်စုံတစ်ရာမရှိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်သောအသင်းသားများမှ မြီစား မြီရှင်၊ ရရန်၊ ပေးရန်နှင့်ပတ်သက်၍ AMDA အာရှဆရာဝန်များအသင်း INGO အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို ဆက်သွယ်ဆောင်ရွက်ရန်ရှိပါက အောက်ဖော်ပြပါရုံးလိပ်စာအတိုင်း ၂၀၂၂ခုနှစ် မေလ(၃၀) ရက်အထိ လွှဲပြောင်းမှုကာလအတွင်း နောက်ဆုံးထားဆက်သွယ်ကြပါရန် အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဒေါ်သီတာ (General Manager– AMDA INGO အသေးစားငွေရေးကြေးရေးလုပ်ငန်း)**
**ဝမ်းတော်ပြည့်ဘုရားမြောက်ဘက်၊ မြရတနာလမ်း၊ ကျီတော်ကုန်းရပ်ကွက်၊**
**မိတ္ထီလာမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၀၂၆၈၄၃၀၊ ၀၉-၂၅၄၀၆၆၁၂၊ ၀၉-၄၄၄၀၁၀၂၄၈**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉ရပ်ကွက်၊ နွယ်သာကီအိမ်ရာ၊ နွယ်သာကီလမ်း၊ တိုက်အမှတ်(၇/B)၊ အခန်းအမှတ် (၇၁၂)၊ ခြောက်ထပ်တိုက် (ပထမလွှာ) ခေါင်းရင်းခြမ်း၊ ဧရိယာအကျယ်အဝန်း (၁၂ ၁/၂ပေ x ၄၃ပေ) ရှိရေ၊ မီးစုံ တိုက်ခန်းတစ်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လွဲ့လွဲ့ဝင်း ၁၂/မရက(နိုင်)၁၇၁၀၆၈ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်းကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန် သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ်-၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပတ္တမြားမြို့သစ်၊ မြေတိုင်းရပ်ကွက် ပတ္တမြား(မြောက်)၊ ကျောက်စိမ်းလမ်းမကြီး၊ အိမ်အမှတ်(၃၆)၊ မြေကွက်အမှတ်(၂၅၀)၊ မြေဧရိယာ(၃၀)ပေx(၅၀) ပေရှိသော ဦးသန်းဆွေမြင့်(DV၀၇၈၉၁၇) အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်အိမ်နှင့် အိမ်သုံးလျှပ်စစ်မီတာနှင့် ရေမော်တာ (၁) လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ခွင့်ရှိ၍ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သူ ဦးတင်မျိုးအောင် ၁၂/မဘန (နိုင်) ၀၇၀၅၀၄ နှင့် ဒေါ်ယုယုနိုင် ၁၂/လမန(နိုင်)၁၁၄၂၀၇ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအဏ္ဏဝါမျိုးသန့် ၁၂/မဂဒ (နိုင်)၁၃၀၀၃၃ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်၏ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်အောင်မင်း (LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၄၆၄၄၉/ ၂၀၁၅**
**အမှတ် -၂၅၉၊ကျောက်စိမ်း-၂လမ်း၊ ပတ္တမြားမြို့သစ်၊မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၅၁၇၁၈၆၇**


## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ကယားပြည်နယ်
## လမ်း/တံတားလုပ်ငန်းများအတွက်(ဒုတိယအကြိမ်)
## လုပ်ငန်းတင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၃/၂၀၂၂)

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်တို့မှ တာဝန်ယူဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် (ဒုတိယအကြိမ်) ဖိတ်ခေါ် အပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၆-၅-၂၀၂၂ရက် ရုံးချိန်အတွင်း |
| (ခ) | **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - ၂၀-၅-၂၀၂၂ရက် (၁၆:၀၀)နာရီ |
| (ဂ) | **တင်ဒါဖွင့်ဖောက်စိစစ်မည့် ရက်/အချိန်** | - ၂၆-၅-၂၀၂၂ရက် (၉:၀၀)နာရီ |
| (ဃ) | **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကယားပြည်နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက် အသေးစိတ်ကိုသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**လွိုင်ကော်ခရိုင်ဖုန်း-၀၈၃-၂၂၂၁၀၀၈၊ ၀၉-၇၈၀၁၅၀၂၂၇၊**
**ဘောလခဲခရိုင်ဖုန်း-၀၈၃-၅၀၁၀၂၊ ၀၉-၄၁၀၀၇၈၂၅**
**တင်ဒါကော်မတီ**


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၁၊ မြေကွက်အမှတ် ၅၆/၁၊ မြေအကျယ်အဝန်း ၃၀'x၆၀'၊ ဧရိယာ ၀ ဒသမ ၀၄၁ ဧက၊ ၁၈၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဦးတင်ညွှန့် ၆/မအရ(နိုင်)၀၅၅၇၅၁ နှင့်ဦးခင်မောင်ဝင်း ၁၂/လမန(နိုင်)၁၁၃၂၀၁ တို့ ပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနွယ်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၉၉)**
**အမှတ်(၁၀၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၆၀၀၈၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/7016 Mazda Scrum DG63T Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဆွေ ၁၂/သလန(နိုင်) ၀၇၃၅၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4A/8550 Toyota Townace CM55 Pickup (4x2)R အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်စိုး ၁၂/သလန(နိုင်)၀၃၁၈၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/59799 HONDA WAVE 100 M/C ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar CO.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1S/5172 Jetour x70 S/W (4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဟိန်း ၁၂/လမန(နိုင်)၀၃၃၅၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/6734 Suzuki Carry DA63T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ကိုဦး ၉/ညဥန(နိုင်) ၁၅၂၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဟ/၁၈၄၃ Nulang 250 S/W ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| က | ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၃)နေရာ (ကျား/မ) | ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| ခ | စစ်ဆေးရေးမှူး-၂ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၄)နေရာ (ကျား/ မ) | အင်ဂျင်နီယာဘွဲ့ရရှိသူ B.E (Mechanical, Electrical, Electronics, Mechatronic) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊
( ခ ) ၁-၅-၂၀၂၂ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါကအသက် (၃၀) နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊
( ဂ ) ရွေးချယ်ရာတွင်ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစားပေးမည်၊
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
( င ) ရွေးချယ်ခြင်းခံရပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ စစ်ဆေးရေးမှူး-၂ ရာထူးအတွက် လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများ ဦးစားပေးမည် ဖြစ်ပါသည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာ ပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mopf.gov.mm တွင် Download ရယူ၍ လည်းကောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်) ရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်သို့ ပေးပို့ရမည်-
(က) ငွေသွင်းချလန်(မူရင်း)၊
( ခ ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊
( ဂ ) အသက်အထောက်အထားအတွက် အခြေခံပညာ အထက်တန်းအောင်လက်မှတ် မိတ္တူ(သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်၊
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
( င ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)၊
( စ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်)၊
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမား မှတ်ပုံတင်ကတ်ပြား မိတ္တူ(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင်မူရင်း တင်ပြရန်)၊
( ဇ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ (၁)လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၆။ စာမေးပွဲဝင်ကြေး ကျပ် (၁၀၀၀/-) (ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-010970 သို့ ပေးသွင်းရပါမည်။

၇။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂ - D)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၂-၆-၂၀၂၂ ရက် (ကြာသပတေးနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ် အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၈။ ဝန်ထမ်းဖြစ်ပါက အပိုဒ် (၄) ပါ အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်နေသည့် ဌာနအကြီးအကဲ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၂-၆-၂၀၂၂ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပေးပို့ရန်ဖြစ်ပြီး၊ ကြိုတင်လျှောက်လွှာ မိတ္တူ (၁)စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားကို ၁၆-၆-၂၀၂၂ ရက် (ကြာသပတေးနေ့) မှ ၁၇-၆-၂၀၂၂ ရက် (သောကြာနေ့)အထိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်တွင် လာရောက် ထုတ်ယူရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို ၁၈-၆-၂၀၂၂ ရက် (စနေနေ့) တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ၂၄-၆-၂၀၂၂ ရက် (သောကြာနေ့) တွင် www.mopf. gov.mm Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ စစ်ဆေးခြင်းကို ၂၇-၆-၂၀၂၂ ရက် (တနင်္လာနေ့) တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၆၃၂၂၊ ၀၆၇-၃၄၀၆၁၁၆၊ ၀၆၇-၃၄၀၆၀၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/4742 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2112 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/4376 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/8502 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက
## အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက၊
## နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

# ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်

## သိက္ခာတော် (၇၈)ဝါ၊ သက်တော် (၉၈)နှစ်

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မင်းလှမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၏ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်ကြီး သိက္ခာတော်(၇၈)ဝါ၊ သက်တော် (၉၈)နှစ်သည် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်) ၃-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၉:၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်) ၉-၅-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မင်းလှမြို့ (အထက) မြို့တွင်းအားကစားကွင်းကြီး၌ အန္တိမအဂ္ဂိဈာပန ပူဇော်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

## ဒေါ်အေးအေးဆန်း
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်မောင်ဆန်း)- ဒေါ်ခင်ခင်လေးတို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးမင်းယုံ)-ဒေါ်ခင်ဌေးတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးအောင်မျိုးဆန်း-ဒေါ်နိုင်နိုင်ဆန်း၊ ဦးတင်မင်းထွန်း-ဒေါ်ချောစုလှိုင်၊ နေပြည်တော်နေ ဦးဇော်မင်းထွန်း-ဒေါ်ဌေးဌေးခိုင်တို့၏အစ်မ၊ မသန္တာဦးရွှေ၏အဒေါ်၊ ကိုကောင်းဝေဦး၊ မငြိမ်းအေးမြတ်တို့၏မိခင်၊ ဦးစန်းဝေ(ဥက္ကဋ္ဌ၊ PRINCESS EXPRESS) ၏ ချစ်လှစွာသောဇနီးသည် ၃-၅-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၂ ရက်တွင် ပဲခူးမြို့၊ ဥသ္သာမြို့သစ် (မဟာမြိုင်) တပင်ရွှေထီးလမ်း၊ အမှတ်(၁၃၁)နေ ဦးစန်းဝေ-(ဒေါ်အေးအေးဆန်း) တို့၏ နေအိမ်မှ မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၂ ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ဆင်ခေါင်းကြီးရပ်ကွက်၊ ကွင်း/ကွင်းအမှတ်- ဆင်ခေါင်းကြီးမြောက်(၆၆၄-က)ဦးပိုင်အမှတ်(၂၄-ဃ)၊ မြေဧရိယာ(၀.၅၀)ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေးကို ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း (ငြိမ်း) ၁၂/ဒဂန(နိုင်)၀၁၂၃၉၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံးများသို့ ကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး
ပြင်ဦးလွင်မြို့

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဒေါ်ရီရီစိန် ၁၂/မဘန(နိုင်)၀၂၁၅၇၉ (ဘ) ဦးစီ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၉၈၄)ကို နေပြည်တော် စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၄၅/၂၀၁၅ (၂၃-၁၀-၂၀၁၅)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စား လှယ်လွှဲစာရရှိထားသူ ဒေါ်နန်းဆိုင်ဟွမ် ၁၃/မပတ(နိုင်)၀၁၉၁၃၄ (ဘ) ဦးစိုင်းခိုမှ ဦးထိန်လင်း ၁၀/သထန (နိုင်)၁၂၄၁၅၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည် ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ် (ပ-၇၈)ဆိုင်ခန်းအား အမှတ်(၂၁၆/A)၊ နှင်းဆီလမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးချစ်မွေး ၁၂/တမန(နိုင်)၀၀၄၉၉၇ က အခွန်ထမ်းအမည်ပေါက်ပါသည်။

၂။အဆိုပါ(ပ-၇၈)ဆိုင်ခန်းအား အမှတ်(၂၃၁)၊လေးကျွန်းမာရ်အောင်လမ်း၊(၇)ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်မြို့နှင့် (ပ-၈၁)ဘောဂသီရိကားဝင်း၊ ပျဉ်းမနားတို့နေ ဦးဆာသရား ၁၂/သခန(နိုင်)၀၇၁၅၁၈ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း "ကန့်ကွက်လိုသူရှိကကန့်ကွက်နိုင်ကြောင်း" နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက(သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

---

## ဦးညွန့်ဖေ
### ရေကျော်မက်သဒစ်(အထက-၃၊ ဗိုလ်တထောင်)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၁၅၀)နေ (ဦးအောင်ထွန်း-ဒေါ်သောင်းညွန့်)တို့၏သား၊ သုံးခွမြို့နေ (ဦးစိန်လှအောင်-ဒေါ်တင်ရီ)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်အောင်(ခ)မတူး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇေယျာမြင့်ဦး-ဒေါ်ကေသွယ်ညွန့်၊ ဦးဇွန်ငယ်အောင်-ဒေါ်သန္တာညွန့်၊ ဒေါ်သဥ္ဇာညွန့်၊ ဦးရွှေညွန့်အောင်တို့၏ ကျေးဇူးရှင်မွေးဖခင်၊ မောင်ဘုန်းမြတ်၊ မထူးဝတီဇွန်တို့၏ ချစ်လှစွာသောအဘိုးသည် ၃-၅-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၆:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆

ဒေါ်ခင်မြင့်ထွေး နှင့် ဦးတင်အောင်
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ထွေးမောင်)
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁) ရပ်ကွက်နေ ဦးတင်အောင်(ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မြင့်ထွေး(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ကိုကျော်ထွေးမောင်)က မြေကွက်အရောင်း အဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ မေလ ၂၄ရက်(၁၃၈၄ခုနှစ် ကဆုန် လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မေလ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်ထက်အောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပုသိမ်ကြီးမြို့နယ်တရားရုံး

---

**ပတ်စ်ပို့ ပျောက်**

ကျွန်တော် မောင်အောင်ကျော်ခိုင် ၈/မလန(နိုင်)၁၁၇၀၀၆၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ မြင်းတဲကြီး(တ)ရွာနေ ဦးကြည်ဆန်း ၈/နမန(နိုင်)၀၃၁၇၃၃နှင့် ဒေါ်မြင့်သန်းဌေး ၈/နမန(နိုင်) ၁၆၅၅၅၇ တို့၏သမီး မအေးမြမြသူ(ခ)မသူသည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မအေးမြမြသူနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိဘများ-ဦးကြည်ဆန်း-ဒေါ်မြင့်သန်းဌေး

---

## ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)
## ဦးတင့်လွင်(ခ)အမော
### အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ ရာသက်ပန်အသင်းဝင်
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ အမှတ် (၈/က)နေ ဒေါ်ညွန့်ရီ၏ချစ်လှစွာသော ခင်ပွန်း ဦးတင့်လွင်(ခ)အမောသည် ၂၈-၄-၂၀၂၂ ရက် တွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ယိုဟုန်လျှန်း(ခေါ်)ဦးအောင်ကျော်
### (ကိုအောင်ကျော်ပွဲရုံ၊ ဈေးလမ်း)
### တောင်ငူ
### အသက် (၇၃)နှစ်

တောင်ငူမြို့၊ (၇)လမ်း၊ အမှတ် ၁၄/၂၆၁နေ (ဦးကေရာ၊ ဒေါ်မြင့်ရီ)တို့၏သားကြီး၊ ရန်ကုန်မြို့ (၁၈)လမ်းနေ ဒေါ်အေးအေးရင်၏မောင်၊ ကညွတ်ကွင်းမြို့နေ ဒေါ်လှလှစန်း၊ ဒေါက်တာ လှလှအေး(SSC ဆေးရုံ၊ ရန်ကုန်)၊ ကိုလင်းနိုင်-ဒေါ်နွယ်နွယ်အေး (၁၃ လမ်း၊ ရန်ကုန်)၊ ကိုညီညီ-ဒေါ်အေးသီတာ (နံပါတ်-၁ လမ်း၊ တောင်ငူ)၊ ဦးခင်မောင်စိန်-ဒေါ်လီလီထွေး(သစ္စာလမ်း၊ တောင်ဥက္ကလာပ)၊ ဒေါ်အေးအေးခိုင် (၁၆လမ်း၊ ရန်ကုန်)တို့၏အစ်ကို၊ ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မဇာခြည်နွေး၊ မချိုဇင်လတ်၊ ဒေါက်တာမျိုးဇော်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးအောင်ကျော်သည် ၃-၅-၂၀၂၂ရက် ည ၈:၃၈ နာရီတွင် ရန်ကုန်မြို့ အာယုအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့အနောက်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

# ကားပျောက်ဆုံးကြောင်း
# အသိပေးကြေညာခြင်း

TOYOTA HILUX VIGO KUN26 PICKUP (4x4)(R) (R EXTRA CAB) (9G/8969)ကားသည် (၂၉-၄-၂၀၂၂)ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် ဝယ်မှားရောင်းမှားမဖြစ်စေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဝင်း ၉/ဝတန(နိုင်) ၁၀၂၁၇၂၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ငွေဆုရည်(စဥ်-၅၄၂၀၀)** **ဒေါ်မဥ္ဇူကိုနိုင်(စဥ်-၅၄၆၉၂)**

**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**"မင်းဧရာ ဥပဒေဆိုင်ရာဝန်ဆောင်မှု"**

**၁၉လမ်း၊ ၈၈လမ်းနှင့်၈၉လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

---

# အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့၊ ပေါမိုင်းရပ်၊ သာစည်ရွာ၊ နောင်ရိုးလမ်းရှိ အရှေ့လားသော် နောင်ရိုးလမ်း၊ အနောက်လားသော် ဦးသန်းထွန်း အိမ်ခြံမြေ၊ မြောက်လားသော် ကိုဖိုးခွား နေအိမ်၊ တောင်လားသော် ဒေါ်သန်းထွေးအိမ်တို့နှင့် ထိစပ်နေသော အနံပေ ၆၀၊ အလျား ၂၁၆ ပေရှိ မြေကွက်အား ကျွန်တော် ကိုကျော်ဝင်းဖြိုးက မူလပိုင်ရှင် ဒေါ်သန်းထွေးထံမှ အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ ၂၀၁၈ ခုနှစ်က အပြီးအပိုင် ဝယ်ယူခဲ့ပြီး ၎င်းစာချုပ်မှာ ပျောက်ဆုံးသွားပါသည်။ ထိုစာချုပ်နှင့် မြေကွက်အား ကျွန်တော် ကိုကျော်ဝင်းဖြိုးမှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ကျွန်တော်၏ ဇနီး မချိုဇင်ဝင်းအား ယခင်ပိုင်ရှင် ဒေါ်သန်းထွေးနှင့် ထပ်မံ၍ စာချုပ်အသစ် ပြန်လည်ချုပ်ဆိုစေခဲ့ပါသည်။ ထို့ကြောင့် စာချုပ်အသစ်ချုပ်ဆိုသည့် (၁-၅-၂၀၂၂) ရက်နေ့မှစ၍ ယခင်စာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ပါသည်။ မချိုဇင်ဝင်းမှ (၁၀၅) (၁၀၆) လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထား ပြည့်စုံစွာဖြင့် လူကိုယ်တိုင် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယခုစာပါ အိမ်ဝင်း၏ ကိစ္စရပ်အဝဝအားလုံးနှင့် လုပ်ပိုင်ခွင့်များအား ကျွန်တော် ကိုကျော်ဝင်းဖြိုးမှ ကျွန်တော်၏ဇနီး မချိုဇင်ဝင်းအား လွှဲအပ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုကျော်ဝင်းဖြိုး
၈/ရစက(နိုင်)၁၅၇၈၃၂

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၉ယ/၁၈၈၈၉, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဇင် ၇/ပခန(နိုင်)၂၉၃၉၅၀ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁/၁၃/၁၁၆၊ စိန်ပန်းလမ်းနေ ဦးအုန်းဖေ၏သား ဦးခိုင် ၁၂/ထတပ(နိုင်) ၀၃၃၆၃၃ သည် ဦးခိုင်၊ ဦးခိုင်ဝင်းနှင့် ဦးမောင်ခိုင်ဟူ၍ အမည် (၃)မျိုးရှိသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၆)၊ ဇီဇဝါလမ်းနေ ဦးစိုးလွင် (၉/မထလ (နိုင်)၀၆၀၁၅၀) ကိုင်ဆောင်သူမှ(အလျား ၂၄'-၀"x အနံ ၃၆'-၀") RC (၂)ထပ် အဆောက် အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာ စာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံ တင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

---

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၅၀၄၃၊ ဒ-၅၀၄၄၊ ဒ-၅၀၄၅၊ ဒ-၅၀၄၆)၊ မြေဧရိယာ (၀.၃၃၀) ဧကရှိ ဦးရန်ရုံ(ခ)ရန်ယုံး(ဘ)ဦးရန်ဆန်၊ ၁၃/ကခန(နိုင်)၀၄၄၈၇၃ အမည်ပေါက် (ပါမစ်)မြေကွက်ကို ဒေါ်သင်းသင်းခိုင် (ဘ) ဦးကျော်အုန်း ၉/သပက(နိုင်) ၀၃၄၁၉၁မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

လာမယ့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းသားအားလုံး စုစည်းကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိခဲ့တာ (၇၅)နှစ်ပြည့်မြောက်မှာဖြစ်တယ်။ အခုလိုစိန်ရတုလွတ်လပ်ရေးနေ့အကြို ကာလမှာ တိုင်းပြည်ရဲ့ လွတ်လပ်ရေးအဓွန့်ရှည်ကြာတည်တံ့ရေးနဲ့ နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးကို ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားတယ်။

ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းချက်တွေနှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်ကြောင်း ရဲဘော်တို့ကို အသိပေးလိုတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၇-၃-၂၀၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ပြည်နယ်အစိုးရ အဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ အား အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမတွင် တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့်

*စာမျက်နှာ ၆ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မွန်ပြည်နယ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ဗီလာရီးရဲကို အနိုင်ယူပြီး လီဗာပူး ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယ အကျော့မှ ဗီလာရီးရဲနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို မေ ၄ ရက် နံနက်ပိုင်းက ဗီလာရီးရဲအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးဖြင့် လီဗာပူးအသင်း ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့သည်။

နာမည်ကြီး ဂျူဗင်တပ်စ်နှင့် ဘိုင်ယန်မြူးနစ် အသင်းတို့ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော ဗီလာရီးရဲအသင်းသည် ယခုပွဲစဉ်တွင် လီဗာပူး အသင်းကို မိနစ် ၆၀ အထိ နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးများ ခွင့်ပြုပေးခဲ့ရပြီး နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ ဗီလာရီးရဲ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်နှင့်

*စာမျက်နှာ ၇ ကော်လံ ၅* ❍

### ယနေ့ သတင်းအညွှန်း

လူမှုစီးပွားဘဝ သာယာဝပြောရေးအတွက် မြန်မာ့တက္ကသိုလ်များ — ဆောင်းပါး စာ - ၁၀

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဧပြီ ၃၀ ရက်အထိ မြေပြင်၌ အမှန်တကယ်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ (၉၁ ဒသမ ၉) ရာခိုင်နှုန်းအထိ ကာကွယ်ဆေးလှမ်းခြုံမှုရရှိ — ပြည်တွင်းသတင်း စာ - ၁၅